မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်    ၂၀၁၅ ခုနှစ်၊ ဇွန် ၇ ရက်၊ တနင်္ဂနွေနေ့၊    အတွဲ [၅၄]၊ အမှတ် [၂၄၅]

## ဝီရိယနှင့် ဆန္ဒအကျိုး

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိသူ ၂၄ ဦးအား သက်ဆိုင်ရာနိုင်ငံခြားတက္ကသိုလ်များသို့စေလွှတ်ရန် အတည်ပြုဆုံးဖြတ်

စာ-၉

# အမှန်ကြိုးစားအားထုတ်သူတိုင်း ရယူခွင့်ခူးနိုင်သည့် အောင်မြင်ခြင်းရလဒ်




အထက (၂) စမ်းချောင်းတွင် ညသန်းခေါင်ကျော်ကတည်းက တက္ကသိုလ်ဝင်တန်းအောင်စာရင်း တိုးဝှေ့ကြည့်ရှုနေသူများကို တွေ့ရစဉ်။

**ရန်ကုန်  ဇွန်  ၆**

ညဘက် လက်ဖက်ရည်ဆိုင်သိမ်းချိန်မတိုင်မီကတည်းက မောင်ဇင်မင်းသန့် စိတ်လှုပ်ရှားနေခဲ့ပါတယ်။ ပထမဆုံးအကြိမ် မဟုတ်ပေမယ့် ဒီတစ်ခေါက်ကတော့ အောင်ရမယ်ဆိုတဲ့အသိနဲ့ ကြိုးစားခဲ့တာကြောင့် သူကိုယ်တိုင်သာမက လုပ်ဖော်ကိုင်ဖက် စားပွဲထိုးသူငယ်ချင်းတွေအားလုံးကပါ တက္ကသိုလ်ဝင်တန်း အောင်စာရင်းကို စောင့်မျှော်ပေးခဲ့ပါတယ်။

"အောင်စာရင်းမှာ ကျွန်တော့် နာမည်ပါလာတော့ မျက်စိကိုမယုံနိုင်ဘူး။ အောင်ပြီလို့ ထပ်ခါတလဲလဲကြည့်ရင်း ကျွန်တော်ဆို့နင့်လာတယ်။ ဆုံးဖြတ်ချက်တစ်ခုချမိတယ်။ ကျွန်တော်ပညာဆက်သင်ဖို့ ကြိုးစားမယ်။ ပြီးရင် ကျွန်တော့်လို ပညာသင်ကြားဖို့ ခက်ခဲသူတွေကို စာသင်မယ်" လို့ အားခဲပြောနေသည့် မောင်ဇင်မင်းသန့်အသံက စိတ်လှုပ်ရှားမှုကြောင့် လှုပ်ခတ်နေပါတယ်။

မောင်ဇင်မင်းသန့်က ဒီနှစ် ဖြေဆိုဖို့ စိတ်ကူးမရှိထားသူပါ။ မန္တလေးရွှေပြည်မိုး ကဖေးက အလုပ်သမားတစ်ဦးဖြစ်တဲ့အပြင် အလုပ်ရှင်နဲ့ ပန်းပျိုးသူများစာသင်ဝိုင်းဆိုတဲ့

*စာမျက်နှာ ၇ ကော်လံ ၁* ❍

## အိုင်အက်စ်တို့ ကလိုရင်းဓာတ်ငွေ့ကို ဓာတုလက်နက်အဖြစ်အသုံးပြုနေဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးပြော

စာ ၄

## ကနေဒါနိုင်ငံ၏ အခိုင်မာဆုံး ဘဏ်လုပ်ငန်းစနစ်

နိုင်ငံတကာငွေကြေးသုံးသပ်ချက် စာ ၅



ဒေါ်ခင်သီဟန် (မူလတန်းပြ)

### မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ

ကျွန်မက မူလတန်းပြ ဆရာမတစ်ဦးဖြစ်ပါတယ်။ ကျွန်မအိမ်ကနေ တွံ့တေးမြို့နယ် လာကပုံကျေးရွာလေးမှာ စာသွားသင်ရပါတယ်။ အဲဒီမူလတန်းကျောင်းကို ကားအဆင့်ဆင့် စီးပြီးသွားရပါတယ်။ နေပူထဲ သွားလာရတော့ အသားအရေတွေ နေလောင်ဒဏ်တော့ခံရပါတယ်။ ဒီကြားထဲ မျက်နှာက အဆီပြန် ဖုန်မှုန့်က ကပ်ပေါ့ရှင်။ ချွေးပေါက်တွေပိတ်တော့ ဝက်ခြံလည်းထွက်တယ်လေ။ ကံကောင်းချင်တော့ အစ်မတစ်ယောက်က ရွှေပြည်နန်း(၂)ဘူးပေးတယ်။ တစ်ဘူးက ကံ့ကော်ဝတ်ဆံသနပ်ခါး ၊ နောက်တစ်ဘူးက အသားဖြူသနပ်ခါး အစိမ်းဘူးလေးပေါ့။ ကံ့ကော်သနပ်ခါးကို နေ့ဘက်မှာလိမ်း၊ အသားဖြူသံပရာသနပ်ခါးကို ညဘက်မှာလိမ်းလို့ဆိုပြီး အကြံဉာဏ်ပေးပါတယ်။ အဲ့ဒီလိုနဲ့ ကျွန်မ နေ့စဉ်ဂရုတစိုက် မှန်မှန်လိမ်းတာ (၂)ပတ်ကြာတော့ အဆီပြန်တာပျောက်သွားတယ်။ ဝက်ခြံလည်းပျောက်လာပါတယ်။ အသားကတင်းပြီး ဝင်းမွတ်လာပါတယ်။ သနပ်ခါးရနံ့ ကလည်းသင်းသင်းလေးမွှေးနေတော့ စိတ်ကြည်နူးမှုလည်းရပါတယ်။ သနပ်ခါးဘူးပေးတဲ့ အစ်မကို ကျေးဇူးတင်သလို ကောင်းမွန်တဲ့နည်းပညာနဲ့ ထုတ်လုပ်ပေးတဲ့ ရွှေပြည်နန်း သနပ်ခါးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ရွှေပြည်နန်းသနပ်ခါး အောင်မြင်ပါစေလို့...

ဒေါ်ခင်သီဟန် (မူလတန်းပြ) အ.မ.က (မူလွန်) လာကပုံကျေးရွာ၊ တွံ့တေးမြို့နယ်။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်ခင်မာသန်း၊ မူလတန်းပြ၊ အ.လ.က(ခွဲ) ပန်းလှိုင်၊ တွံ့တေးမြို့နယ်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းတွင် မိမိတို့၏အမည်ပါ/မပါကိုသိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ မိမိ၏အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားပါ အချက်အလက် မှားနေလျှင် ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စိုက်ပျိုးစရိတ်ချေးငွေများအကျိုးရှိစွာသုံးစွဲ

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးရေးရာသီကာလအတွင်း တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်ရာတွင် အခက်အခဲမရှိစေရေး စိုက်ပျိုးစရိတ်များ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။ ဤသို့ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် တောင်သူလယ်သမားများ၏ စိုက်ရေးပျိုးရေးလုပ်ငန်းများအတွက် အထိုက်အလျောက်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးစရိတ်အခက်အခဲဖြစ်နေသော တောင်သူလယ်သမားများအတွက် တောင်ယာလုပ်ငန်းခွင်များတွင် အခက်အခဲမရှိ လုပ်ကိုင်နိုင်မည့်အစီအမံကောင်းတစ်ရပ်ဖြစ်ပါသည်။

ဤသို့ချေးငွေများထုတ်ချေးပေးရာတွင် စပါးတစ်ဧကငွေကျပ်တစ်သိန်းနှုန်းနှင့် အခြားသီးနှံများအတွက် တစ်ဧကငွေကျပ် နှစ်သောင်းနှုန်း သတ်မှတ်ထုတ်ချေးပေးလျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ချေးငွေလျာထားချက်ဖြစ်သည့် ၂၀၁၅ မိုးချေးငွေအတွက် ငွေကျပ် ၁၀၅၆ ဒသမ ၂၆ ဘီလီယံ၊ ၂၀၁၅ ဆောင်းချေးငွေအတွက် ငွေကျပ် ၂၈၃ ဒသမ ၁၃ ဘီလီယံနှင့် ၂၀၁၆ မိုးကြိုချေးငွေအတွက် ငွေကျပ် ၅၈ ဒသမ ၃၇ ဘီလီယံ စုစုပေါင်း ငွေကျပ် ၁၃၉၂ ဒသမ ၇၆ ဘီလီယံ ရရှိရေးအတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံခဲ့ရာ မြန်မာ့စီးပွားရေးဘဏ်မှငွေကျပ် ၈၀၀ ဘီလီယံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှငွေကျပ် ၄၀၀ ဘီလီယံ စုစုပေါင်း ငွေကျပ် ၁၂၀၀ ဘီလီယံ ထုတ်ချေးခွင့်ရရှိခဲ့ကြောင်း သိရသည်။

များပြားလှသော ချေးငွေများရရှိအောင် နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို အလေးထားဖော်ဆောင်ပေးနေသည်ကို အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဆင့်ထုတ်ချေးပေးသည့် ချေးငွေများသည် လယ်ယာစိုက်ပျိုးရေး သွင်းအားစုများအတွက် လိုအပ်သလို စနစ်တကျထိရောက်စွာအသုံးပြုရန်ဖြစ်ပါသည်။ အဓိကအားဖြင့် စိုက်ပျိုးထွန်ယက်ရာတွင် လည်းကောင်း၊ သီးနှံမျိုးစေ့များ ဝယ်ယူရာတွင်လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ရရှိလာသော ချေးငွေများကို လောင်းကစားများပြုလုပ်ခြင်း၊ အခြားသောနည်းလမ်းဖြင့်တလွဲသုံးခြင်း၊ စိုက်ပျိုးရေးနှင့်မဆိုင်သောလုပ်ငန်းများတွင် သုံးစွဲခြင်းတို့ကိုရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက် ရရှိသည့်ချေးငွေများကို စိုက်ပျိုးရေးလုပ်ငန်းများ၌သာ ထိရောက်စွာအသုံးပြုရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းခွင်များ၌ ထိရောက်စွာသုံးစွဲခြင်းဖြင့်သာ ထိရောက်အကျိုးရှိမှုများရရှိနိုင်မည်ဖြစ်ပါသည်။

ချေးငွေများပြန်ဆပ်သည့်အခါတွင်လည်း အချိန်နှင့်တစ်ပြေးညီစနစ်တကျပြန်လည်ပေးဆပ်ကြရန် အရေးကြီးပါသည်။ ချေးငွေများကို ပြန်လည်ပေးဆပ်နိုင်အောင်လည်း အတတ်နိုင်ဆုံးကြိုးစားရမည်ဖြစ်ပါသည်။ သို့မှသာ လာမည့်နှစ်တွင်လည်း ချေးငွေပြန်လည်ရယူသည့်အခါအဆင်ပြေနိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ ချေးငွေများကို လယ်ယာလုပ်ငန်းခွင်များ မဟုတ်သော အခြားသောလုပ်ငန်းများတွင် တလွဲသုံးခြင်းမရှိအောင် သတိပြုရမည်ဖြစ်သကဲ့သို့ လယ်ယာလုပ်ငန်းများ၌ သွင်းအားစုများမှန်မှန်ကန်ကန် သုံးစွဲနိုင်ရန် အလေးထားဆောင်ရွက်သင့်ပါကြောင်း။ ။

## မြို့ကျက်သရေဆောင် စေတီတော်မျက်နှာစာမှ အမှိုက်ပုံ

ထင်သာမြင်သာပြုပြင်စရာ

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရန်အောင်(၂) ရပ်ကွက်ရှိ မြို့ကျက်သရေဆောင်ဖြစ်သော ဘုရားကိုးဆူစေတီတော်ကြီးရှေ့မုခ်ဝ၌ ဒေသခံရပ်ကွက်နေပြည်သူများက ညစဉ်အမှိုက်များ လာရောက်စွန့်ပစ်သည့် အမှိုက်ပုံကြီးကို တွေ့မြင်နေရပါသည်။

နေ့စဉ်နံနက်တိုင်း မြို့နယ်စည်ပင်သာယာရေးကော်မတီက အမှိုက်သိမ်းယာဉ်ဖြင့် လာရောက်သိမ်းဆည်းနေသော်လည်း ထိုသို့ မြို့ကျက်သရေဆောင် စေတီတော်ကြီး မျက်နှာစာ၌ ညစဉ်အမှိုက်များစွန့်ပစ်နေခြင်းမှာ အလွန်အကျည်းတန်ပြီး မသင့်တော်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် လိုအပ်သလို ဆောင်ရွက်ပေးရန်နှင့် အမှိုက်ပစ်သော ရပ်ကွက်နေပြည်သူများအနေဖြင့်လည်း စေတီတော်ကြီးမျက်နှာစာနေရာ၌ သန့်ရှင်းမှုရှိစေရေးအတွက် လိုအပ်သလို ကူညီဆောင်ရွက်သင့်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**






## ဟုမ္မလင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထွက်ရှိ

ဟုမ္မလင်း ဇွန် ၆

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲတစ်မြို့နယ်လုံး ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူပေါင်း ၂၄၇၁ ဦး ဖြေဆိုရာ ၇၅၉ ဦး အောင်မြင်ပြီး တစ်ဘာသာဂုဏ်ထူးရှင် ၁၄၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင်သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး စုစုပေါင်း ၁၈၈ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၃ ဒသမ ၇၂ ဖြစ်ကြောင်း သိရသည်။ **လင်းလင်း(ပြန်/ဆက်)**

နိုင်ငံဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၂၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၂၈၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၀၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၃၀၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၅၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၅၅၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၅ |
| ဥရောပ | တစ်ယူရို | ၁၂၃၈.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၉.၅၂ |
| ထိုင်း | တစ်ဘတ် | ၃၂.၇၂၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၂၅၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၂၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၅၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၉၅၀၀-၂၀၀၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၂၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၇၅-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၂၀၀၀-၂၄၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၁၈၅၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၈၀-၇၈၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၈၀-၁၁၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓေ့ငုတင်ပြသည်။

# အပြုံးရောင်ပုံရိပ်များကို တူးဆွကြည့်ခြင်း (သို့မဟုတ်) လူငယ်တို့ပေးဆပ်သည့် မြန်မာပြည်အတွက်တန်ဖိုးကြီးလက်ဆောင်

**လွန်ခဲ့သော ၂၀၁၂ ခုနှစ် စက်တင်ဘာလ၏ နေ့ရက်တစ်ရက်ဖြစ်သည်။ မြိုင်အနောက်ဘက်ရှိ တောင်တန်းများပေါ်သို့ သွားရောက်ခဲ့သည့် မခင်နှင်းကြည်သာအား တောင်တန်းများပေါ်သို့ တစ်ခေါက် ပြန်လည်ရောက်ရှိစေမည့် ပုံရိပ်တချို့ကြီးစိုးထားလေသည်။ တောင်တန်းတွေဆီက ပြန်လည်ရောက်ရှိခဲ့သည့် မခင်နှင်းကြည်သာ တစ်ယောက် တောင်တန်းများပေါ်မှ မေ့ဖျောက်မရသည့် မြင်ကွင်းတို့ကို "ဖိနပ်မရှိဘူး၊ ဆေးမရှိဘူး၊ အနာတွေက နာတယ်" ဟုခေါင်းစဉ်တပ်ထားသော ဆောင်းပါးတစ်ပုဒ်ကို ဖန်တီးဖြစ်ခဲ့သည်။**

"ကျွန်မပထမဆုံး တောင်တန်းပေါ်ရောက်သွားတဲ့ နေရာက အခန်းကျဉ်းကျဉ်း ကျောင်းသေးသေးလေးတစ်ခုပေါ့။ အဲ့ဒီကျောင်းလေးရဲ့ နံရံပေါ်မှာ ၁၃နှစ်၊ ၁၄ နှစ်လောက်ရှိတဲ့ ကလေးခပ်ကြီးကြီး ယောက်ျားလေး သုံးလေးယောက် ထိုင်နေတယ်။ ကျွန်မကိုတွေ့တော့ သူတို့တစ်တွေက စာအုပ်တွေထုတ်ပြီး ဆရာမ စာသင်မှာလားဆိုပြီးမေးတယ်။ သူတို့က ကျွန်မကို ဘာကြောင့် စာသင်မှာလားလို့မေးတာလဲ. . .၊ နောက်မှ ကျွန်မသိရတာက သူတို့လေးတွေကို စာသင်ပေးတဲ့ ဆရာမက လခမရလို့ ပြန်သွားတယ်ဆိုတာပါပဲ။



**ခင်နှင်းကြည်သာအား တွေ့ဆုံမေးမြန်းစဉ်။** ဓာတ်ပုံ- ဖိုးထောင်

ဆရာမပြန်သွားတာ ၃ လလောက်ရှိပြီ။ ကလေးတွေစိတ်ထဲမှာက ကျွန်မဒီလာတာ သူတို့ကို စာသင်ဖို့၊ စာသင်ရတော့မယ်ဆိုတဲ့ မျှော်လင့်ချက်မျိုးကို ဖြစ်စေတယ်။ အစိုးရကျောင်းမရှိဘူး။ ဒေသကအလုပ်အကိုင်ရှားပါးတယ်။ ဝင်ငွေလည်းနည်းတယ်။ ဆရာမတွေကိုလခမပေးနိုင်ဘူး။ ဆရာမတွေရဲ့ စားဝတ်နေရေးကလည်းရှိသေးတော့ လခမရတဲ့အခါမှာ စေတနာတွေ၊ ဝါသနာတွေကို ထားခဲ့ပြီး ဆရာမတွေလည်း ပြန်တာပေါ့။ ကလေးတွေက ဆရာမကိုလည်း မမုန်းဘူး၊ လခမပေးနိုင်တဲ့ မိဘတွေကိုလည်း အပြစ်မတင်ဘူး။



**တစ်ကိုယ်တော်ပရဟိတသမားများ ပြင်ဆင်ဆောက်လုပ်ပေးခဲ့သော ကျောင်းကလေးနှင့်အတူတွေ့ရသော ကျောင်းသားငယ်လေးများကို တွေ့ရစဉ်။** ဓာတ်ပုံ-တစ်ကိုယ်တော် ပရဟိတကွန်ရက်

ဒါပေမယ့် နောက်ရောက်လာမယ့် လူက သူတို့ကို စာသင်ပေးမှာပဲဆိုတဲ့ မျှော်လင့်ချက်သာရှိတယ်။ သူတို့ရဲ့ မျှော်လင့်ချက်တွေကပဲ ကျွန်မကို တောင်တန်းတွေဆီ ပြန်လာဖို့ဆွဲခေါ်ခဲ့တာပါ" ဟု ၂၀၁၄တွင် နိုင်ငံ့ဂုဏ်ရည် အထူးဆုရရှိခဲ့သော မခင်နှင်းကြည်သာ ကပြောသည်။

တောင်တန်းများမှ ပြန်လာသည့် မခင်နှင်းကြည်သာ တစ်ယောက် သူ၏မွေးနေ့တစ်ခုဖြစ်ခဲ့သည့် ၂၀၁၂ ဒီဇင်ဘာလ ၂၉ရက်နေ့တွင်တစ်ကိုယ်တော် ပရဟိတသမားများကွန်ရက်ကို စတင်တည်ထောင်ခဲ့သည်။ "ဆရာမ စာသင်မှာလား" ဆိုသည့် စကားသံသည် မခင်နှင်းကြည်သာအား တောင်တန်းတွေဆီ နောက်တစ်ခေါက် ပြန်ရောက်စေနိုင်ဖို့ ဆွဲခေါ်ခဲ့လေပြီ။ ယခုအခါတွင် အဆိုပါ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းလေးသည် ဆရာမ နှစ်ယောက် ကျောင်းသား ၃၀ ကျော်ရှိသည့် အစိုးရမူလတန်းကျောင်းလေး ဖြစ်လို့နေပေပြီ။

ကွန်ရက်နာမည်ကို တစ်ကိုယ်တော်ပရဟိတသမားများကွန်ရက်ဟုပေးရခြင်းသည် ပရဟိတလုပ်ငန်းများအားလုပ်ချင်သော်လည်း တစ်ယောက်တည်းဖြစ်နေသည့်သူများ၊ အချိန်အား၊ ငွေအား အများကြီးမစိုက်နိုင်သော်လည်း အားလပ်သည့် အချိန်များတွင် ဝင်ရောက်လုပ်ကိုင်ချင်သူများ စုပေါင်း၍ လုပ်ဆောင်နိုင်စေရန် တစ်ကိုယ်တော် ပရဟိတသမားများ ကွန်ရက်ဟု

ရဲခေါင်ညွန့်၊ မြတ်သန္တာမောင် ရေးသည်

ရွေးလိုက်ခြင်းဖြစ်ကြောင်း မခင်နှင်းကြည်သာက ပြောပြသည်။

"ပရဟိတလုပ်ငန်းစလုပ်ဖို့ နာမည်ရွေးမယ်ဆိုတော့ အဲဒီအချိန်တုန်းက ကျွန်မတစ်ယောက်တည်း ဖြစ်နေတယ်။ ကိုယ့်လက်ထဲမှာလည်း ပိုက်ဆံတစ်ပြားမှ မရှိဘူး"

တစ်ကိုယ်တော်ပရဟိတ ကွန်ရက်သည် မြိုင်အနောက်ဘက်မှ မိုင်ပေါင်း ၃၀ ကျော်ဝေးသည့် တောင်တန်းများပေါ်တွင် ရွာစာရင်း၌ မပါဝင်ဘဲ တောင်ပေါ်တွင် တဲထိုးနေသည့် တဲတိုက်လူတန်းစား၏ ပညာရေးကို သတိထားမိလာ၍ ထူထောင်ခဲ့ခြင်းဖြစ်သည်။

"သူတို့ ပေးတဲ့ခွန်အားနဲ့မောင်းနှင်တာပါ။ သူတို့ဒေသကို ဖွံ့ဖြိုးအောင် လုပ်ပေးဖို့အတွက် ကျွန်မက တံခါးတွေဖွင့်ပေးနိုင်မယ်။ အဲ့ဒီလို မဟုတ်လည်း တံခါးတစ်ချပ်ဖြစ်တယ်လို့ သူတို့က မြင်လာကြတယ်။ တောင်တန်းတွေက ကျွန်မကို လှမ်းခေါ်နေတယ်။ သူတို့က ကျွန်မကို ဆက်လုပ်ဖို့ ခွန်အားတွေပေးတယ်။ ကျွန်မဒီအလုပ်ကိုလုပ်တဲ့ အချိန်ကစပြီး ကျွန်မရဲ့ မနက်ဖြန်တွေက အဓိပ္ပာယ်ရှိလာတယ်လို့ ခံစားရတယ်"ဟု မခင်နှင်းကြည်သာက ပြောသည်။

ပရဟိတစိတ်ကို အခြေခံထားသော လူငယ်တစ်ယောက်၏ လုပ်ဆောင်ချက်နှင့် အစပြုမှုသည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် အနောက်ပိုင်းရှိ တောင်ပေါ်ကျော်ရွာတဲတိုက်၊ သပြေညို တဲတိုက်၊ တမာပင်ခင်တဲတိုက်၊ စလူးအိုင်တဲတိုက်၊ ကံကွက်တဲတိုက်၊ လယ်မတဲတိုက်၊ သရင်းကြီးတဲတိုက်၊ တည်ပင်လှ တဲတိုက်တို့ရှိ ဒေသခံတို့၏ လူမှုဘဝများဖွံ့ဖြိုးစေရန် ဦးတည်နေခဲ့သည်။ အဆိုပါတဲတိုက်တစ်ခုလျှင် အိမ်ခြေ ၁၀၀ နီးပါးရှိကာ တဲတိုက်စုစုပေါင်း ရှစ်ခုပေါင်းပါက အိမ်ခြေ ၈၀၀ ခန့်ရှိသည်။

တဲတိုက်ဆိုသည်မှာ ကျေးရွာအဆင့်ထက်နိမ့်ပါး၍ တောထဲတွင်မြေညီပြီး စိုက်ပျိုးရေးကောင်းသည့် နေရာများ၌ တဲထိုး၍ နေထိုင်ကြသူများကို ခေါ်ခြင်းဖြစ်သည်။ လက်ရှိတဲတိုက်ဖြင့် နေထိုင်လျက်ရှိကြသော ဒေသခံများသည် သစ်တောကြိုးပိုင်း၌ ဝါးလာခုတ်ကြရင်း ရေကြည်ရာ၊ မြက်နုရာရွှေ့ပြောင်းရင်း တောင်တန်းများအနီးမှ မပြန်ကြတော့ဘဲ နေထိုင်လိုက်ကြခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးများ နေထိုင်ကြသော်လည်း တောင်ပေါ်ကျော်ရွာတဲတိုက်၊ သပြေညိုတဲတိုက်၊ တမာပင်ခင်တဲတိုက်၊ စလူးအိုင်တဲတိုက်များတွင်မူ စေတီနှင့်ဘုန်းကြီးကျောင်းများပင် မရှိပေ။

"အစိုးရအနေနဲ့ကလည်း ဘယ်သူတွေက တောထဲမှာဝင်သွားတယ် ဆိုတာကိုတော့ ဘယ်သိနိုင်မလဲ။ တဖြည်းဖြည်းနဲ့ ကြာလာတဲ့အခါမှာတော့ လူတွေနေကြောင်းကို ခပ်သဲ့သဲ့ ကြားကြမှာပေါ့။ ကျွန်မ အွန်လိုင်းပေါ်မှာ အဲဒီလူတွေအကြောင်းကို ရေးတဲ့အခါမှာ အဲဒီဒေသအနီးဝန်းကျင်က လူတွေက အဲဒီတောင်ပေါ်မှာ လူတွေရှိနေပါလားဆိုတာမျိုးပေါ့။ ဆိုလိုချင်တာက အဲဒီနားက ရွာက လူတွေကတောင် အဲဒီတောင်ပေါ်မှာ လူတွေရှိမှန်းမရှိမှန်း သေချာမသိဘူး။ အခုမှသာ ကျွန်မတို့ ခဏ၊ ခဏသွားတော့မှ လူတွေရှိလို့သွားတယ် ဆိုတာသိကြတာ"

စိတ်တူကိုယ်တူ လူငယ်များသာ ပါဝင်သည့်



**မခင်နှင်းကြည်သာနှင့်အတူ ကျောင်းသားငယ်လေးများကို ပျော်ရွှင်စွာ တွေ့ရစဉ်။** ဓာတ်ပုံ-တစ်ကိုယ်တော် ပရဟိတကွန်ရက်

တစ်ကိုယ်တော် ပရဟိတ ကွန်ရက်အဖွဲ့တွင် ပရိုဂရမ်မာသမား၊ ဆရာဝန်၊ NGO သမား၊ သတင်းသမားများနှင့် ဆောက်လုပ်ရေးလုပ်ငန်းပိုင်းက သူများပါဝင်သောကြောင့် မတူညီသည့် ပညာရပ်နယ်ပယ်များနှင့် စိတ်ကူး အိုင်ဒီယာများကြောင့် အဆိုပါ ဒေသများသို့ သွားရောက်သည့်အခါတွင် အကြံဉာဏ်များပိုမိုပေးနိုင်၍ အားနည်းချက်များကို မြင်နိုင်စွမ်းကြသည်။

တစ်ကိုယ်တော် ပရဟိတ ကွန်ရက်အဖွဲ့ဝင်များသည် ဒေသခံများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရင်း ဒေသခံတို့၏ စိတ်များကိုပါ ပြောင်းလဲနိုင်ခဲ့သည်။

"ပထမတုန်းက ကျွန်မတို့ ကွန်ရက်အဖွဲ့ဝင်တွေလာရင် အလှူရှင်တွေလာတယ်မြင်တယ်။ သူတို့ကိုယ်သူတို့ကြတော့ အလှူခံသူတွေပေါ့။ သူတို့ရဲ့လိုအပ်ချက်တွေကိုပဲအမြဲပြောတယ်။ ဘာတွေရမလဲ။ ဘာတွေလှူသွားမလဲပေါ့။ အခုအခါမှာတော့ သူတို့က ကျွန်မတို့ကို အလှူရှင်လို့ မမြင်တော့ဘူး။ သူတို့ကိုယ်သူတို့လည်း တစ်ကိုယ်တော်ပရဟိတသမားများကွန်ရက်အဖွဲ့ဝင်တွေလို့မြင်သွားပြီ။ ဒေသရဲ့ ဖွံ့ဖြိုး တိုးတက်မှုလုပ်ဖို့ သူတို့တစ်တွေပါ တိုင်ပင်ဆွေးနွေးတယ်။ နောက်အတူတူပါဝင် ပူးပေါင်းပြီးညှိနှိုင်းလုပ်ကိုင် လာကြတယ်။ သူတို့ကိုယ်တိုင်ကိုက ဒီဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေသူတွေလို့ သတ်မှတ်လိုက်ကြတယ်။ သူတို့ပညာကို အရင်ကထက်ပိုလိုချင်လာကြတယ်။ ပညာသင်ချင်လာကြတယ်။ သူတို့နေတဲ့ ဒေသဖွံ့ဖြိုးတိုးတက်ဖို့ကို ကျွန်မတို့ ကွန်ရက်နဲ့အတူတူ ဝိုင်းလုပ်မယ်။ သူတို့သားသမီးတွေကိုတော့ ကွန်ရက်နဲ့အတူတူ စာလိုက်သင်နိုင်တဲ့သူ၊ ဆေးလိုက်ကုပေးတဲ့ သူတွေလို ဖြစ်စေချင်လာကြတယ်။ သူတို့ရဲ့အတွေးအခေါ်တွေ ပြောင်းသွားတယ်"ဟုမခင်နှင်းကြည်သာက ဒေသခံများ၏ ပြောင်းလဲလာမှုအခြေအနေကို ရှင်းပြသည်။

ဒေသတစ်ခုကို ဖွံ့ဖြိုးစေချင်သည့်စိတ်နှင့် လုပ်ဆောင်ခဲ့သည့် မခင်နှင်းကြည်သာတို့၏ ပရဟိတအဖွဲ့ လေးသည် စတင်လုပ်ဆောင်ခဲ့သည့် ၂၀၁၃ ခုနှစ် လောက်က အာဏာပိုင်အဖွဲ့အစည်းများ၏ လာရောက်မေးမြန်းမှု တချို့နှင့် ကြုံတွေ့ခဲ့ရသေးသည်။

"ရန်ကုန်လူတွေ ဒီကို ခဏခဏ လာတယ်။ မီဒီယာသမားတွေလည်းပါတယ်။ သူတို့က နိုင်ငံရေးအရတစ်ခုခု အသုံးချမယ်ထင်နေတယ်။ ပထမတုန်းက လာလာမေးတော့ ကိုယ်ပရဟိတ လုပ်နေတာပဲ ဘာကြောင့်လာလာ မေးနေရသလဲဆိုပြီး စိတ်ထဲတစ်မျိုးဖြစ်တာပေါ့။ နောက်မှ သူ့ဘက်ကိုယ့်ဘက်ရှိမယ်။ သူတို့စိုးရိမ်တာလည်းရှိမယ်။ ဒီတော့ချမပြရဲစရာလည်းမရှိဘူး။ ခေါ်မသွားရဲစရာလည်း မရှိဘူး။ တံခါး အကုန်ဖွင့်ထားတော့ သူတို့သံသယစိတ်မရှိတော့ဘူး။ ကိုယ့်ကိုလည်း ကူညီပေးတယ်။ သူတို့ရဲ့ ကူညီမှုလည်း တော်တော်ရပါတယ်။ ပညာရေး၊ ရပ်ရွာဖွံ့ဖြိုးရေးတွေ ကူညီပါတယ်။ ကျွန်မ ၂၀၁၄ မှာပြည်သူ့ဂုဏ်ရည် အထူးဆုရတော့ ယုံကြည်မှု ပိုရလာတယ်။ အလှူရှင်တွေလည်းများလာတယ်။ ဖွံ့ဖြိုးမှုလုပ်ငန်းတွေ ပိုမြန်လာတာပေါ့"ဟု သူကြုံတွေ့ရသော အခက်အခဲနှင့် အဖြစ်အပျက် တချို့ပြန်လည်ပြောပြသည်။

ဒေသတစ်ခုဖွံ့ဖြိုးရန်ဆိုသော စိတ်နှင့်လုပ်ဆောင်ခဲ့သည့် တစ်ကိုယ်တော် ပရဟိတ ကွန်ရက်အဖွဲ့ဝင်များအား ဒေသခံအစိုးရကလည်း အကြံဉာဏ်ပေးခဲ့သည်။ တရားဝင်မှတ်ပုံတင်လုပ်ပြီးသွားပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကဲ့သို့သော အစိုးရအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ဒေသဖွံ့ဖြိုးရေးအတွက် ပိုပြီးမြန်ဆန်အောင် ထိရောက်အောင် ပူးပေါင်းမည်ဟု မခင်နှင်းကြည်သာက ပြောသည်။

"ကျွန်မတို့အဖွဲ့ရဲ့ ခံယူချက်က ပြည်သူတွေ အကျိုးအတွက် ထိထိရောက်ရောက်လုပ်ပေးမယ့် ဘယ်အဖွဲ့မဆို ပူးပေါင်းမယ်"

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းများ လုပ်ဆောင်နေသော်လည်း အချိုးညီမျှမှု၊ ငြိမ်းချမ်းမှု အပြည့်အဝ မရရှိသေးသဖြင့် မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသော ဒေသများနှင့် အခြေခံလူတန်းစား လူဦးရေက များပြားလျက်ရှိနေဆဲပင်။

မခင်နှင်းကြည်သာက "အချိုးမညီသေးတဲ့အတွက် ထိထိရောက်ရောက်လုပ်ဖို့ အများကြီးလိုသေးတယ်။ ပရဟိတ လုပ်ဖို့လည်းအများကြီးလိုတုန်းပဲ။ ပရဟိတလုပ်ဖို့စိတ်ရှိတယ်ဆိုရင် ငွေကုန်မှာတို့၊ အချိန်ကုန်မှာတို့ မစိုးရိမ်နဲ့၊ မကြောက်နဲ့ကိုယ့်ရဲ့အကြံဉာဏ်လေးပဲ ပေးနိုင်လည်းရတယ်။ ပရဟိတလုပ်တာ ကြီးကျယ်ခမ်းနားတဲ့ လူတွေအတွက်ပဲ မဟုတ်ဘူး။ လူတိုင်းလူတိုင်း လုပ်လို့ရတယ်။ လူငယ်တွေ ပရဟိတစိတ်ရှိမယ်ဆိုရင် လုပ်သာ လုပ်ပါလို့ပဲ ပြောချင်တယ်။ အချို့လူငယ်တွေက ကြောက်စိတ်ရှိတယ်။ ပရဟိတ လုပ်တာက အဖွဲ့အစည်းတွေထဲ ဝင်ရတာ၊ အချိန်တွေလည်း အများကြီးပေးရတယ်ဆိုပြီး မြင်နေတာမျိုးတွေရှိတယ်။ တကယ်တော့ ပရဟိတဆိုတာက စိတ်ဓာတ်ကျနေတဲ့ လူတစ်ယောက်ကို အပြုံးလေးတစ်ပွင့် ပေးနိုင်ရင်လည်း ပရဟိတပဲ" ဟု ပရဟိတ လုပ်ဆောင်မှုအပေါ် ထားရှိသည့် လူငယ်တစ်ယောက်၏ အမြင်ကို ပြောသည်။

မခင်နှင်းကြည်သာတို့၏ တစ်ကိုယ်တော်ပရဟိတသမားများ ကွန်ရက်အဖွဲ့လေးသည် ကျောင်းဖွင့်ရာသီ၊ အနာ အဖျားများသော မိုးရာသီ၊ ဒေသခံတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်စတင်မည့် မိုးရာသီရောက်ပြီဖြစ်သည့်အတွက် မြိုင်မှ မိုင်ပေါင်း ၃၀ ခန့်ထပ်ဝေးသည့် တောင်တန်းများကြားထဲက တဲတိုက်များဆီသို့ ထွက်ခွာရန်ပြင်ဆင်နေပေပြီ။

"ကျွန်မတို့ ဇွန်လ ၄ ရက်နေ့သွားမယ်။ ဒီတစ်ခေါက်မှာတော့ နှစ်ရှည်သီးနှံပင်ဖြစ်တဲ့ လျှော်ဖြူတွေ အဲ့ဒီဒေသမှာစိုက်မယ်"

အသက် ၂၉ နှစ်သာရှိသေးသည့် ပိန်ပိန်ပါးပါး အမျိုးသမီးငယ်တစ်ယောက် တောင်တန်းတွေဆီ ထပ်မံထွက်ခွာရန် စိုင်းပြင်းနေလေသည်။ လူငယ်သည် လူငယ်ပင်ဖြစ်သည်။ လူငယ်တို့၏ စိတ်ဓာတ်၊ ခွန်အားနှင့် စွမ်းဆောင်မှုများသည် တိုင်းပြည်၏ အနာဂတ်အား တစွန်းတစ ပုံဖော်နေဦးမည်။

လူမှုကွန်ရက်တစ်ခုဖြစ်သည့် facebook ကို ပရဟိတလုပ်ငန်းများလုပ်ကိုင်ရန် အကျိုးရှိစွာ အသုံးပြုနေသည့် အဆိုပါအဖွဲ့အား facebook စာမျက်နှာတွင် တစ်ကိုယ်တော် ပရဟိတ သမားများကွန်ရက်ဟု ရိုက်ထည့်ကာ ရှာဖွေနိုင်ပေသည်။ **ကာဆီးထားသော တောင်တန်းများဆီသို့ ပရဟိတ လူငယ်တို့ ထွက်ခွာလေပြီ။**

# အိုင်အက်စ်တို့ ကလိုရင်းဓာတ်ငွေ့ကို ဓာတုလက်နက်အဖြစ် အသုံးပြုနေဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးပြော



**အလီပို ဇွန် ၆**

အစ္စလာမ္မစ်စစ်သွေးကြွများ သည် ကလိုရင်းဓာတ်ငွေ့ကို လက်နက်အဖြစ် အသုံးပြုလျက်ရှိပြီး အထူးလေ့ကျင့်ထားသည့် နည်းပညာ ကျွမ်းကျင်သူများကို ရှာဖွေစုဆောင်းကာ ဓာတုလက်နက်ထုတ်လုပ်ရေးကို လုပ်ဆောင်နေသည်ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့က သတိပေးခဲ့သည်။

အဆိုပါလက်နက်များ ပြန့်ပွားလာနေမှုကို ထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ်၌ မိန့်ခွန်းပြောဆိုခဲ့ရာတွင် ဘစ်ရှော့က အိုင်အက်စ်ကဲ့သို့ စစ်သွေးကြွအုပ်စုများ တိုးပွားလာခြင်းသည် "ယနေ့ကျွန်ုပ်တို့ ရင်ဆိုင်နေရသည့် ထိတ်လန့်ဖွယ်အကောင်းဆုံးသော လုံခြုံရေးခြိမ်းခြောက်မှုကြီးဖြစ်သည်"ဟု ဆိုသည်။

ဇန်နဝါရီလအတွင်းက အီရတ်နိုင်ငံမြောက်ပိုင်းတွင် အိုင်အက်စ်စစ်သွေးကြွများသည် ပက်ရှ်မာဂါ တိုက်ခိုက်ရေးသမားများနှင့် တိုက်ခိုက်စဉ် ကလိုရင်းဓာတ်ငွေ့ကို အသုံးပြုခဲ့သည့် အထောက်အထားများရှိသည်ဟု အီရတ်ကာ့ဒ်အာဏာပိုင်များ၏ စွပ်စွဲပြောဆိုမှုအပေါ် ဝေဖန်သံများ ထွက်ပေါ်လျက်ရှိသည်။ အိုင်အက်စ်တို့၏ ကားဗုံးခွဲမှုအပြီး ယူဆောင်လာသော အဝတ်အစားနမူနာများနှင့် မြေဆီလွှာ၌ ကလိုရင်းဓာတ်ငွေ့မပါရှိဟု အခိုင်အမာပြောဆိုနိုင်ခြင်းမရှိခဲ့ပေ။

ကလိုရင်းသည် အသက်ရှူရပ်သွားစေသည့် ဓာတုလက်နက်ဖြစ်သည်။ ၁၉၉၇ ခုနှစ် ဓာတုလက်နက်ဆိုင်ရာ ညီလာခံ၌ စစ်ပွဲများတွင် အဆိပ်သင့်စေသောအရာများ အသုံးပြုမှုအားလုံးကို တားမြစ်လိုက်ပြီးနောက် ကလိုရင်း အသုံးပြုမှုကို ပိတ်ပင်ခဲ့သည်။

ဓာတုလက်နက် တားဆီးရေးအဖွဲ့က ဆီးရီးယားရှိကျေးရွာများ၌ မကြာသေးမီက ကလိုရင်းဓာတ်ငွေ့သုံး၍ တိုက်ခိုက်မှုပြုလုပ်သည်ဟူသော စွပ်စွဲချက် အပေါ် စုံစမ်းစစ်ဆေးနေသော်လည်း သမ္မတ ဘာရှာအယ်လ်အာဆတ်အစိုးရအဖွဲ့က အသုံးမပြုကြောင်း ငြင်းဆန်ခဲ့သည်။ **(ရိုက်တာ)**



## တောင်ကိုရီးယား မားစ်ရောဂါထိန်းချုပ်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပူးပေါင်းဆောင်ရွက်မည်

**ဂျီနီဗာ ဇွန် ၆**

တောင်ကိုရီးယားနိုင်ငံ၌ မကြာသေးမီက အသက်ရှူလမ်းကြောင်းဆိုင်ရာ မားစ်ရောဂါ ဖြစ်ပွားပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနတို့သည် ပူးတွဲကော်မရှင်တစ်ရပ် ထူထောင်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတီဖိန်းဒူဂျာရစ်က သောကြာနေ့က သတင်းထောက်များကို ပြောကြားလိုက်သည်။

" WHO အဖွဲ့ကို ကျန်းမာရေးဖူလုံမှုဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖူကူရာက ဦးဆောင်မည်ဖြစ်သည်။ နယ်ပယ်အသီးသီးမှာ ကျွမ်းကျင်ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဒူဂျာရစ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါအဖွဲ့တွင် ရောဂါဗေဒဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဆေးဘက်ဆိုင်ရာ စီမံခန့်ခွဲသူများ၊ ရောဂါကာကွယ်တိုက်ဖျက်ရေး ကျွမ်းကျင်သူများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအထိ တောင်ကိုရီးယားနိုင်ငံ၌ အဆိုပါမားစ်ရောဂါဖြစ်ပွားသူဦးရေ ၃၆ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## အိန္ဒိယဝန်ကြီးချုပ် ဘင်္ဂလားဒေ့ရှ်သို့ရောက်ရှိ

**ဒါကာ ဇွန် ၆**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ စနေနေ့က နှစ်ရက်ကြာခရီးအဖြစ် ရောက်ရှိလာသည်။

ဝန်ကြီးချုပ်ရှိတ်ဟာစီနာက အိန္ဒိယဝန်ကြီးချုပ်အား ဟာရက်ရှာဂျာလာနိုင်ငံတကာလေဆိပ်၌ အမြောက် ၁၉ ချက်ပစ်ဖောက်၍ ကြိုဆိုခဲ့သည်။

မိုဒီ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက်ရှိနေစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးကိစ္စဆွေးနွေးဖွယ်ရှိသည်။ နှစ်နိုင်ငံစာချုပ်များချုပ်ဆိုရာတွင် နယ်ခြားကိစ္စစာချုပ်တစ်ရပ်လည်း ချုပ်ဆိုဖွယ်ရှိသည်ဟု သတင်းရပ်ကွက်များ က ဆိုသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန် အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ချေးယူရန် မျှော်လင့်ခဲ့သည်ဟု သံတမန်သတင်းရပ်ကွက်များက ပြောသည်။

**(ဆင်ဟွာ)**

## ရိုမေးနီးယားသမ္မတက ဝန်ကြီးချုပ်ကို ရာထူးမှနုတ်ထွက်ပေးရန်မေတ္တာရပ်ခံ

**ဘူချာရက်စ် ဇွန် ၆**

ရိုမေးနီးယားသမ္မတ ကလော့စ်အိုင်အိုဟန်းနစ်သည် သောကြာနေ့က ဝန်ကြီးချုပ်ဖြစ်သူ ဗစ်တာပွန်တယ်ကို အကျင့်ပျက်ခြစားသည်ဟု ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခံရပြီးနောက် ရာထူးမှနုတ်ထွက်ရန် မေတ္တာရပ်ခံလိုက်သည်။

ရိုမေးနီးယား ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ရာဇဝတ်မှုအကြောင်းအရာကိစ္စရပ်များနှင့် သဟဇာတမဖြစ်ကြောင်း ၎င်း၏အမြင်ကို ပြောကြားခဲ့ပြီး အဆိုးဆုံးကိစ္စမှာ ယခုအချိန်သည် နိုင်ငံရေးပဋိပက္ခနှင့် ရင်ဆိုင်နေရချိန်ဖြစ်သည်ဟု ပြောခဲ့သည်။ ထို့ကြောင့် ဝန်ကြီးချုပ်ကို ရာထူးမှနုတ်ထွက်ရန် တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း သမ္မတအိမ်တော်၌ ပြောကြားခဲ့သည်။

ရာထူးမှနုတ်ထွက်ရန် တွေ့ဆုံဆွေးနွေးပြီးဖြစ်ကြောင်းလည်း သမ္မတက ထပ်လောင်းပြောကြားသည်။ တရားစွဲဆိုသူများသည် သောကြာနေ့နံနက်က ပွန်တယ်ကိုစွမ်းအင် ကုမ္ပဏီနှစ်ခုအတွက် အခွန်ရှောင်ရန်ကိစ္စ၊ ငွေကြေးခဝါချမှု ကိစ္စနှင့် လာဘ်ပေးလာဘ်ယူ ကိစ္စရပ်များတွင် အကြံပေးအဖြစ် ပါဝင်ပတ်သက်ခဲ့ခြင်းအပေါ် အမှုဖွင့်ခဲ့ကြသည်။ ယခင်က ပွန်တယ်သည် ရှေ့နေအလုပ်လုပ်ကိုင်စဉ် ယင်းအမှုများကို ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။

တရားလိုများဘက်မှ သက်သေအထောက်အထားများ ရှာဖွေပြီးဖြစ်ကြောင်းကိုလည်း သိရသည်။

အဆိုပါအမှုတွင် ပွန်တယ်၏ မိတ်ရင်းဆွေရင်းဖြစ်သူ ဆိုရှယ် ဒီမိုကရက်လွှတ်တော်အမတ် ဒန်ဆိုဗာလည်း ပါဝင်ပတ်သက်ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးသည် တက္ကသိုလ်ကတည်းက သူငယ်ချင်းများဖြစ်ကြပြီး ပွန်တယ်က ဆိုဗာကို ပါတီပြောရေးဆိုခွင့်ရှိသူ ဝန်ကြီးအဖွဲ့ဝင်တစ်ဦးအဖြစ် ပြီးခဲ့သော နိုဝင်ဘာရွေးကောက်ပွဲ၌ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

## ကာ့ဒ်ပြည်သူ့ဒီမိုကရက်တစ်ပါတီထောက်ခံသူများ ဆန္ဒပြမှုမတိုင်မီ ပေါက်ကွဲမှုဖြစ် လေးဦးသေဆုံး၊ ၁၈၄ ဦးဒဏ်ရာရ

**အန်ကာရာ ဇွန် ၆**

ကာ့ဒ်ပြည်သူ့ ဒီမိုကရက်တစ်ပါတီထောက်ခံသူများ ဆန္ဒပြမှုမတိုင်မီ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လေးဦးထက်မနည်း သေဆုံးပြီး ၁၈၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံ ဘီဂျီအန်က ဇွန်လ ၅ ရက်တွင် ဖော်ပြသည်။

တူရကီနိုင်ငံ အရှေ့တောင်ဘက်ပြည်နယ် ဒီရာဘာကီဒေသတွင် ကာ့ဒ်ပြည်သူ့ဒီမိုကရက်တစ်ပါတီထောက်ခံသူများ ဆန္ဒဖော်ထုတ်ပွဲမပြုလုပ်မီ ပေါက်ကွဲမှုလေးခုဖြစ်ပွားပြီး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ ၁၈၄ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ဒီရာဘာကီဒေသရှိ ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဆိုသည်။

ဆန္ဒဖော်ထုတ်ပွဲ ပျက်ပြယ်ခဲ့ရသော်လည်း လူငယ်များမှာ အဆိုပါနေရာတွင် ဆက်လက်စုရုံးနေပြီး နိုင်ငံပိုင်ရုပ်သံက တိုက်ရိုက်ထုတ်လွှင့်ပြသသည်။ အချို့မှာ လူစုခွဲရန် ရောက်ရှိလာသော ရဲများ၏ မီးသတ်ပိုက်များကို ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်။

ကာ့ဒ်ပြည်သူ့ဒီမိုကရက်တစ်ပါတီ တွဲဖက်ဥက္ကဋ္ဌ ဆီလာဟက်ထင်ဒီမာတက်စ်က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ထောက်ခံသူများကို ငြိမ်သက်ပေးရန် တိုက်တွန်းပြောကြားခဲ့သည်။ မည်သည့် ပေါက်ကွဲမှုမျိုးဖြစ်ဖြစ် ဒီရာဘာကီလူထုကို ဆူပူအုံကြွမှုမရှိစေရန် တိုက်တွန်းပြောကြားခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

လူထုဆန္ဒ ဖော်ထုတ်ပွဲနေရာအနီးရှိ ထရန်စဖော်မာမှ ပေါက်ကွဲခြင်းဖြစ်ကြောင်း အစောပိုင်းက ပြောဆိုမှုများရှိသော်လည်း စွမ်းအင်ဝန်ကြီး တာနာယီဒစ်ဇ်က ဖြစ်နိုင်ခြေမရှိကြောင်း ပြောဆိုခဲ့ကာ ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို ပြင်ပနှောင့်ယှက်မှုများပြုလုပ်ခဲ့ကြောင်း ပြောခဲ့သည်။ မည်သည့် အကြောင်းကြောင့် ပေါက်ကွဲမှုများ ဖြစ်ပေါ်လာသည်ကို စုံစမ်းလျက်ရှိပြီး အဖြေမှန်ရလျှင်ရချင်း သတင်းထုန်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အာမက်ကပြောခဲ့သည်။



တနင်္ဂနွေနေ့ ရွေးကောက်ပွဲမတိုင်မီ ကာ့ဒ်ပြည်သူ့ဒီမိုကရက်တစ်ပါတီ တိုက်ခိုက်ခံရခြင်းမှာ ပထမဆုံးအကြိမ်မဟုတ်ကြောင်း သိရသည်။

တူရကီနိုင်ငံ၌ ၂၅ ကြိမ်မြောက် အထွေထွေ ရွေးကောက်ပွဲကို လာမည့် တနင်္ဂနွေနေ့တွင် ကျင်းပသွားရန် စီစဉ်ထားပြီး ကာ့ဒ်ပြည်သူ့ဒီမိုကရက်တစ်ပါတီ အနေဖြင့် လတ်တလောမဲရလဒ်များအရ ထောက်ခံမဲ ၁၀ ရာခိုင်နှုန်းရရှိရန် မျှော်လင့်ထားသည်။ ၁၀ ရာခိုင်နှုန်းသာရရှိပါက ကာ့ဒ်ပြည်သူ့ဒီမိုကရက်တစ်ပါတီအနေဖြင့် ပါလီမန်ထဲသို့ဝင်ရောက်နိုင်မည်ဖြစ်သည်။

**(ဆင်ဟွာ)**

# ကနေဒါနိုင်ငံ၏ အခိုင်မာဆုံးဘဏ်လုပ်ငန်းစနစ်

| ထွန်းတောက် |




**ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့**

**ကနေဒါနိုင်ငံသည် ကမ္ဘာ့ငွေကြေးအကျပ်ရိုက်မှု စိန်ခေါ်မှုပြဿနာများဖြစ်ပေါ်သည့်အခါတိုင်း ၄င်းစိန်ခေါ်မှုများကို အောင်မြင်စွာဖြင့် ဖြေရှင်းကျော်လွှားနိုင်ခဲ့ခြင်းမှာ ကနေဒါနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ်မှာ ကမ္ဘာပေါ်တွင်အတောင့်တင်းဆုံးအခိုင်မာဆုံးဖြစ်သောကြောင့်ဖြစ်သည်ဟု ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့ (World Economic Forum) က ချီးကျူးပြောဆိုသည်။**

လွန်ခဲ့သည့်နှစ်၌ ကွယ်လွန်ခဲ့သည့်ကနေဒါဘဏ္ဍာရေးဝန်ကြီးဂျင်းဖလက်ဟာတီသည် ကျွမ်းကျင်သောငွေကြေးပညာရှင်တစ်ဦးဖြစ်ပြီး ၄င်း၏ငွေကြေးဆိုင်ရာပြောင်းလဲလုပ်ဆောင်နိုင်ခဲ့မှုကြောင့်ပင် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်များကို ကြုံတွေ့ရသည့်အခါတိုင်း၌ ကနေဒါနိုင်ငံကကျော်လွှားနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် စတီဖင်ဟာပါက သုံးသပ်ပြောဆိုသည်။

Canadian Workwhile Initiative ဝက်ဘ်ဆိုက်ဘလော့ဂ်မှ သုတေသီဒီမက်တီယိုက ကနေဒါ၏စီးပွားရေးတည်ငြိမ် ဖွံ့ဖြိုးမှုသည်ကံကောင်းနေသောအချက်များကြောင့်ဖြစ်သည်ဟု ဝေဖန်ချက်လွှင့်တင်ထားသည်။

ထိုကံကောင်းသော အချက်များတွင် ၁၉၈၀ပြည့်နှစ်များက ကနေဒါဘဏ်လုပ်ငန်းများပြိုလဲပြီးနောက်တွင် အစိုးရသည်စနစ်ကျသော စီမံချက်များကို ရေးဆွဲပြီး ဘဏ်လုပ်ငန်းစနစ်များ တောင့်တင်းခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုလည်း အချက်တစ်ချက်ပါဝင်သည်ဟု ဖော်ပြသည်။

ဝန်ကြီးချုပ် မစ္စတာဟာပါ၏ အစိုးရမတိုင်မီ ယခင်လစ်ဘရယ်အစိုးရသည် နိုင်ငံ၏ လိုငွေပြမှုအားလုံးကို ပေးဆပ်ရှင်းလင်းပစ်နိုင်ခဲ့သည့်အချက်လည်း ပါဝင်သည်။

ကံကောင်းသော နောက်တစ်ချက်မှာ နိုင်ငံ၏ အနောက်ပိုင်း ပြည်နယ်များတွင် သယံဇာတအရင်းအမြစ်များ ထုတ်လုပ်နိုင်မှုလျော့ကျနေချိန်တွင် နိုင်ငံ၏ အလယ်ပိုင်းတွင်ရှိသည့် ကုန်ထုတ်လုပ်သော စက်မှုလုပ်ငန်းများတွင်ထုတ်လုပ်နိုင်စွမ်းအားမြင့်တက်နေခဲ့ခြင်းပင် ဖြစ်သည်။

သုတေသီဒီမက်တီယိုက ကနေဒါနိုင်ငံတွင် အများနှင့်မတူထူးခြားသော အခြေအနေကောင်းများနှင့်အမျိုးမျိုးသော လုပ်ငန်းအဖွဲ့အစည်းများပြည့်စုံစွာရှိခြင်းတို့ကြောင့် ဆက်လက်ကြိုးပမ်းအားထုတ်မှုမရှိဘဲ မိမိကိုယ်ကိုယ်ကျေနပ်နှစ်သိမ့် ရောင့်ရဲနေမည်ဆိုလျှင် စီးပွားရေးအခက်အခဲများ တွေ့ကြုံနိုင်ကြောင်း သတိပေးပြောဆိုသည်။

**အာဏာရကွန်ဆာဗေးတစ်အစိုးရ**

ဝန်ကြီးချုပ်စတီဖင်ဟာပါ၏ ကွန်ဆာဗေးတစ်အစိုးရသည် နိုင်ငံ၏စီးပွားရေးလောက၌ အားနည်းချက်များကိုဖယ်ရှားနိုင်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရသည်။

ထိုစဉ်က ငွေကြေးအင်အားကြီးမားသော ဘဏ်ကြီးခြောက်ခုသည် အမျိုးသားဘဏ်စနစ် တစ်ခုလုံးကို ထိန်းချုပ်စိုးမိုးထားပြီး ၄င်းဘဏ်ခြောက်ခု၏ ဥစ္စာနေငွေကြေးပိုင်ဆိုင်မှုပမာဏမှာ နိုင်ငံ၏ စုစုပေါင်း ထုတ်ကုန်တန်ဖိုး (GDP) ထက် ခြောက်ဆမျှ များပြားနေခြင်းဖြစ်သည်။

ထို့ကြောင့်ပင် ၂၀၁၃ ခုနှစ် မတ်လ၌ ကနေဒါဗဟိုဘဏ်သည် အထက်ပါဘဏ်ကြီး ခြောက်ခု၏ ငွေလုံး အရင်းအနှီးလိုအပ်ချက်နှင့်အညီ ဥပဒေစည်းမျဉ်းများပြဋ္ဌာန်းကာ ထိန်းချုပ်မှုများ ပြုလုပ်ခဲ့ရသည်။ ဘဏ်လုပ်ငန်းများ ထိန်းချုပ်ရေးကော်မတီကိုလည်း အစိုးရက လုပ်ပိုင်ခွင့်အာဏာများ ပိုမိုအပ်နှင်းပေးခဲ့ရသည်။

**အမေရိကန်နိုင်ငံအပေါ် မှီခိုနေရ**

ကနေဒါအစိုးရအဖွဲ့သည် ကုန်သွယ်စီးပွားရေး နယ်ပယ်၌ အမေရိကန် ပြည်ထောင်စု အပေါ် အားထားမှီခိုနေရခြင်း ကိုလည်း လျှော့ချနိုင်ရန် ကြိုးပမ်းနေသည်။



၂၀၁၃ ခုနှစ်၌ အမေရိကန် ပြည်ထောင်စုသည် ကနေဒါ၏ စုစုပေါင်းပို့ကုန်၏ လေးပုံသုံးပုံကို ဝယ်ယူတင်သွင်းခဲ့ပြီး ကနေဒါ၏ သွင်းကုန်စုစုပေါင်း ပမာဏ၏ တစ်ဝက်ကျော်ကို အမေရိကန်မှ မှာယူ တင်သွင်းခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များ၌ အမေရိကန်နှင့် ကနေဒါကြား ကုန်သွယ်မှုတန်ဖိုးအဆင့်သည် ထိုထက်မကပင် များစွာမြင့်မားခဲ့သည်။ ၂၀၁၄ ခုနှစ် ပထမသုံးလပတ်အတွင်း၌ အမေရိကန်၏ စီးပွားရေးအဖုအထစ်ဖြစ်မှုကြောင့် အမေရိကန်သည် ကနေဒါ ကုန်ပစ္စည်းများကို လျှော့ချဝယ်ယူခဲ့ခြင်းဖြစ်သော်လည်း ကနေဒါစီးပွားရေးကုမ္ပဏီများမှာ အတော်ပင် ထိခိုက်နာကျင်ခဲ့ရသည်။

**လွတ်လပ်သော ကုန်သွယ်မှုစာချုပ်**

လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း၌ ကနေဒါနိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့နှင့် မူအားဖြင့် သဘောတူညီမှုရှိသည့် လွတ်လပ်သော ကုန်သွယ်မှုစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည့်အပြင် တောင်ကိုရီးယားနှင့်လည်း လွတ်လပ်သော ကုန်သွယ်မှုစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ကာ အဖွဲ့ဝင် ၁၂ နိုင်ငံပါရှိ သည့် ပစိဖိတ်ကုန်သွယ်မှုမိတ်ဖက်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်း ဝင်ခွင့်ရရှိခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ်ဟာပါသည် ကနေဒါ၏ ရေနံ တင်ပို့ရောင်းချသည့် ဈေးကွက်ကို တိုးချဲ့နိုင်ရန် ကြိုးပမ်းနေသည်။ ယနေ့အချိန်၌ ကနေဒါရေနံများကို အမေရိကန် ပြည်ထောင်စုနှင့် လက်တင်အမေရိက နိုင်ငံများသို့ တင်ပို့ရောင်းချနေသည်။

ကနေဒါ ရေနံများကို အာရှဈေးကွက်သို့ ချဲ့ထွင်ရောင်းချနိုင်ရန်အတွက် ကနေဒါမှ အာရှသို့ ရေနံပိုက်လိုင်းများဖောက်လုပ်ရန် အစီအစဉ်ရှိသော်လည်း ၄င်းစီမံကိန်းမှာ အချိန်ယူရမည်ဖြစ်သည်။

**နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)**

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ ထောက်ပံ့ကူညီ ဖော်ဆောင်သည့် စီးပွားရေးစီမံကိန်းအရ ၂၀၁၄ ခုနှစ်တွင် ကနေဒါ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ၂ ဒသမ ၃ ရာခိုင်နှုန်းရှိ၍ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၏ ဖွံ့ဖြိုးမှုနောက်တွင် ကပ်လျက်အဆင့်ရှိခဲ့သည်။

ထို့ပြင် ကနေဒါနိုင်ငံ၏ အလုပ်အကိုင်သစ်များရှာဖွေဖော်ထုတ်နိုင်သည့်နှုန်းမှာ ဆန္ဒပြပွဲများမဖြစ်စေရန် ကြိုတင်ကာကွယ်နိုင်သည့် အဆင့်တွင် မရှိသေးပေ။

ဂျီ-၇ အဖွဲ့တွင် ကနေဒါသည် အလုပ်အကိုင်သစ်များ ဖော်ထုတ်နိုင်မှုအခြေအနေမှာ အဆင့်ငါးတွင်သာရှိသည်။

ကနေဒါနိုင်ငံတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် နိုင်ငံခြားသို့ ပို့ကုန်များ ပြန်လည်မြင့်တက်နိုင်သည့် အလားအလာများရှိနေသည့်အတွက် သုံးစွဲသူများ (Consumers) အပေါ် အခြေတည်ထားသည့် စီးပွားရေးစနစ်ပုံစံလည်း လျော့ကျနိုင်သည်ဟု ပညာရှင်များက ဝေဖန်သည်။

၂၀၀၇ ခုနှစ်၌ ကနေဒါမိသားစု အိမ်ထောင်စုများ၏ ကြွေးမြီများသည် နိုင်ငံ့ ဂျီဒီပီ၏ ၇၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကာ ၂၀၁၃ ခုနှစ်တွင် မိသားစုများ၏ ကြွေးမြီများသည် ဂျီဒီပီ၏ ၉၃ ရာခိုင်နှုန်းအထိ ပိုမိုမြင့်တက်ခဲ့သည်။ များသောအားဖြင့် ကနေဒါ မိသားစုများသည် ဘဏ်များမှ ငွေချေးယူရာတွင် အိမ်ပေါင်၍ ငွေချေးယူသည့် (Mortgage) စနစ်ကို ကျင့်သုံးသည့်အတွက် အိမ်ခြံမြေဈေးကွက်များလည်း မြင့်တက်လာရသည်။ သို့သော် IMF နှင့် အခြားသော ငွေကြေးအဖွဲ့အစည်းများက ကနေဒါသည် ငွေကြေး အကျပ်ရိုက်မှုဒဏ်ကို ခံနိုင်စွမ်းရှိသည်ဟု ချီးမွမ်းပြောဆိုသည်။

ကနေဒါအစိုးရသည် အိမ်ဈေးမြင့်မားမှုကို လျှော့ချနိုင်ရန်အတွက် အိမ်ပေါင် ငွေချေးငှားသည့် ဥပဒေများကို မကြာခဏပင်ပြုပြင်ပြောင်းလဲမှု ပြုလုပ်ပေးခဲ့ရသည်။

ယခုနောက်ဆုံး ပြုပြင်ပြောင်းလဲမှုမှာ အစိုးရ၏ အာမခံစနစ်ကို ထောက်ကူပေးနေသည့် ကနေဒါ Mortgage & Housing Corporation လုပ်ငန်းအဖွဲ့သည် ဒုတိယအကြိမ်မြောက် အိမ်ပေါင်ငွေချေးငှားသည့် မိသားစုများကို အာမခံမပေးတော့ပေ။

ထိုဥပဒေသစ်ကြောင့်ပင် မိသားစုကြွေးမြီများ မြင့်တက်မှု သိသာစွာလျော့ကျသွားပြီး မိသားစု အိမ်ရောင်းချမှုများလည်း သိသာစွာ လျော့ကျသွားသည်။ အိမ်ဈေးများလည်း ကျဆင်းသွားသည်။ သို့သော် အိမ်ဈေးနှုန်း လျော့ကျမှုသည် မှတ်တမ်းဝင်အဆင့်သို့ မရောက်ရှိသေးပေ။

ကနေဒါအစိုးရသည် ပြိုလဲသွားသော စီးပွားရေးလုပ်ငန်းများကို ပြန်လည် ဆယ်မပေးနိုင်ရန်အတွက် ဒေါ်လာ ၅၇ ဘီလီယံကြွေးမြီများကို ချေးငှားယူခဲ့ရသည်။ ထို့ကြောင့်ပင် ကနေဒါအစိုးရသည် ဘတ်ဂျက်ငွေကြေးသုံးစွဲရမည့် စီမံကိန်းများကို ဖြတ်ချပစ်ခဲ့ရသည်။ အခွန်နှင့်ကြွေးမြီများမြင့်တက်စေသည့် ကိစ္စရပ်များကို ရှောင်ကြဉ်ခဲ့ရသည်။

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

## ကနေဒါနိုင်ငံ၏ စီးပွားရေးဘဝကို ခြုံငုံသုံးသပ်ရလျှင် ဘဏ်လုပ်ငန်းစနစ်များ ကြံ့ခိုင်မှုရှိခြင်းနှင့်ရေနံစွမ်းအင်များ တင်ပို့ရောင်းချမှုသည် ကြီးကျယ်သော အခွင့်အလမ်းသိသာမှုများပင်ဖြစ်. . .

# ယူ-၂၀ ကမ္ဘာ့ဖလား ပေါ်တူဂီ၊ ဆားဘီးယားနှင့် ဆီနီဂေါတို့ အနိုင်ရ


photo- FIFA

**ကိုလံဘီယာနှင့် ပေါ်တူဂီတို့ပွဲတွင် ကိုလံဘီယာ ကစားသမား ပေါ်တူဂီဘက်သို့ ဂိုးသွင်းနိုင်ရန် ကြိုးစားမှုကို ပေါ်တူဂီနောက်တန်းက ဟန့်တားစဉ်။**

ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအုပ်စု (ဂ) ပွဲစဉ်များအဖြစ် ကိုလံဘီယာနှင့် ပေါ်တူဂီတို့ပွဲတွင် ပေါ်တူဂီလူငယ်များ ခြေစွမ်းပြပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

ဆီနီဂေါက ကာတာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အုပ်စု (ဂ)တွင် ပေါ်တူဂီက ရှုံးပွဲမရှိဖြင့် သုံးပွဲနိုင် ကိုးမှတ်ရကာ အုပ်စုဗိုလ် ရရှိသည်။ ကိုလံဘီယာနှင့် ဆီနီဂေါ်တို့က ရမှတ်လေးမှတ်စီ တူသော်လည်း ဂိုးကွာခြားချက်ဖြင့် ကိုလံဘီယာက ဒုတိယရသည်။

ဆီနီဂေါမှာ အုပ်စုတတိယနေရာ တက်နိုင်ရေးအတွက် အခြားအုပ်စုများ၏ ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

အုပ်စု(ဃ) ပွဲစဉ်များတွင် ဆားဘီးယားက မက္ကဆီကိုကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ဆားဘီးယားနှင့် မက္ကဆီကိုတို့မှာ နှစ်ပွဲကစားအပြီး သုံးမှတ်စီ တူညီနေ၍ ယခုပွဲ အနိုင်ရရေး နှစ်သင်းစလုံး ကြိုးစားသော်လည်း ဆားဘီးယားက ရရှိသည့် အခွင့်အရေးကို အသုံးချနိုင်၍ ဂိုးများရရှိပြီး မက္ကဆီကို ကစားသမားများ အပိုင်အခွင့်အရေးအချို့ ရရှိသော်လည်း ဂိုးလွဲချော်ခဲ့သည်။

မာလီနှင့် ဥရုဂွေးတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အုပ်စု(ဃ)တွင် ဆားဘီးယားက ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုဗိုလ်ရရှိပြီး ဥရုဂွေးနှင့် မာလီတို့မှာ လေးမှတ်စီ တူညီသော်လည်း ထိပ်တိုက်တွေ့ဆုံမှုအရ ဥရုဂွေးက ဒုတိယနေရာရရှိသည်။ မာလီအသင်းမှာ တတိယနေရာဖြင့် အုပ်စုမှတက်နိုင်ရေး အခြားအုပ်စုများရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ မနက်ဖြန်မြန်မာစံတော်ချိန် နံနက် ၈ နာရီခွဲတွင် အုပ်စု(စ)မှ ဖီဂျီနှင့် ဥဇဘက်ကစ္စတန်၊ ဟွန်ဒူးရပ်စ်နှင့် ဂျာမနီတို့ ကစားမည်ဖြစ်ပြီး အုပ်စု(င) ပွဲစဉ်အဖြစ် နံနက် ၁၁ နာရီခွဲတွင် ဘရာဇီးနှင့် မြောက်ကိုရီးယား၊ ဟန်ဂေရီနှင့် နိုင်ဂျီးရီးယားတို့ ကစားမည်ဖြစ်သည်။ ဟန်ဂေရီနှင့် နိုင်ဂျီးရီးယားတို့မှာ နှစ်ပွဲကစားပြီး သုံးမှတ်စီရရှိထား၍ အနိုင်ရရှိသူက အုပ်စုဒုတိယနေရာ ရရှိမည်ဖြစ်၍ ပွဲမှာ အကြိတ်အနယ်ရှိမည်ဖြစ်သည်။

**■ သီဟ-ရေးသည်**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ် မြို့နယ်သို့ DVB - T2 Set Top Box ၁၁၀၀၀ ကျော် အခမဲ့ပေး



**မကွေး ဇွန် ၆**

ပြန်ကြားရေး ဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ လူမှုအသိုင်းအဝိုင်းနှင့် လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box များ အခမဲ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက်ပိုင်းက မကွေးမြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များအတွက် DVB-T2 Set Top Box ၁၁၅၈၈ လုံး ပေးအပ်လှူဒါန်းမည်ဖြစ်ပြီး ယမန်နှစ်က ၃၄၁၁၁ လုံး ပေးအပ်လှူဒါန်းပြီးဖြစ်ကြောင်း။

၂၀၁၅-၂၀၁၆ နှစ်တွင် တစ်နိုင်ငံလုံးအတွက် DVB-T2 Set Top Box ၇၉၆၉၈ လုံး လှူဒါန်းသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ စီးပွားဖြစ်မဟုတ်သော လူမှုအသိုင်းအဝိုင်းများနှင့် လူမှုအဆင့် (E) ရှိ အိမ်ထောင်စုများအား အခမဲ့ပေးအပ်ခြင်းမှာ ပြည်သူဗဟိုပြု မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

DVB-T2 Set Top Box ကို အသုံးပြုပြီး ဖမ်းယူကြည့်ရှုခြင်းအားဖြင့် ရုပ်မြင်သံကြားလိုင်း ၁၄ လိုင်းကို အခမဲ့ ဖမ်းယူကြည့်ရှုနိုင်သည့်အပြင် FM Radio လိုင်းများကိုလည်း ဖမ်းယူနားဆင်နိုင်မည်ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက DVB-T2 Set Top Box များကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီးထံပေးအပ်ခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက DVB-T2 Set Top Box များကို မကွေး၊ သရက်၊ ပခုက္ကူနှင့် ဂန့်ဂေါ ခရိုင်တို့မှ တာဝန်ရှိသူများထံပေးအပ်ခဲ့သည်။

**သန်းနိုင်ဦး (ငဖဲ)**

# အောင်မြင်သူများ၏ ဝမ်းသာပျော်ရွှင်မှုများနှင့်အတူ အနာဂတ်အတွေးပုံရိပ်များ

၂၀၁၅ ခုနှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ဇွန်လ ၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်းဖြေဆိုသူပေါင်း ၈၇၂၀၁ဦးအနက် အောင်မြင်သူ ၃၃၆၂၅ ဦးရှိခဲ့ပြီး အောင်ချက်အနေဖြင့် ၃၈ ဒသမ ၅၆ ရာခိုင်နှုန်းရှိသည်ဟု သိရှိခဲ့ရပါသည်။ ထိုသို့အောင်မြင်သူများစွာထဲမှထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၏ ကြိုးစားခဲ့ရမှုအပေါ်ရရှိသည့်ရလဒ်များအတွက် ကျေနပ်ပျော်ရွှင်နေမှုများနှင့် အနာဂတ်ဘဝခရီးအတွက် ရည်ရွယ်ချက် စိတ်ကူးပုံရိပ်များအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ။



မသီရိနှင်း



မနန်းကွမ်ဆိုင်စန္ဒီ



မောင်ထက်အောင်မင်း



မသက်ထက်စံ

**မသီရိနှင်း (ဘာသာစုံ ဂုဏ်ထူးရှင်-CAE ကိုယ်ပိုင် အထက်တန်းကျောင်း၊ ချမ်းအေးသာစံမြို့နယ်)**

ဒီနေ့ အောင်စာရင်းကို ယုံကြည်ချက်အပြည့်နဲ့ ကိုယ်တိုင်သွားကြည့်ခဲ့တာပါ။ မှန်းထားတဲ့အတိုင်း ခြောက်ဘာသာဂုဏ်ထူးထွက်တဲ့ အတွက် သမီးတင်မက တစ်အိမ်လုံးပျော်ရွှင်နေကြတဲ့အပြင် အမေဆို ပျော်လွန်းလို့ငိုတောင်ငိုတယ်။ စာမေးပွဲအတွက် ပြင်ဆင်တော့မယ်ဆိုရင် အဓိကစာကျက်တဲ့ပုံစံက အရေးကြီးပါတယ်။ ကျက်စာတွေကို နားလည်အောင် အရင်ဖတ်ကြည့်ပြီးမှ အလွတ်ကျက်တာ အကောင်းဆုံးပါပဲ။ ဖြစ်ချင်တဲ့ ဆန္ဒနဲ့တကယ် ကြိုးစားရင်အောင်မြင်မှုဆိုတာရရှိလာမှာပါ။ ဒီလို အောင်မြင်မှုတွေရရှိအောင် မိဘတွေနဲ့သင်ကြားပေးတဲ့ဆရာ၊ ဆရာမတွေ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဆရာဝန်ဖြစ်ချင်တဲ့ ဆန္ဒရှိတဲ့အတွက် ရည်ရွယ်ချက်ပြည့်အောင် ဆက်လက် ကြိုးစားသွားမှာပါ။

**နန်းကွမ်ဆိုင်စန္ဒီ(ငါးဘာသာဂုဏ်ထူးရှင်-CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ ချမ်းအေးသာစံမြို့နယ်)**

ကိုယ်တိုင်မကြည့်ရဲလို့ သူငယ်ချင်းကို ကြည့်ခိုင်းလိုက်ရတယ်။ဘာသာစုံမမှန်းရဲပေမယ့် ငါးဘာသာတော့မှန်းထားပါတယ်။အခုမှန်းထားတဲ့အတိုင်းဖြစ်လာတဲ့အတွက် အလွန်ဝမ်းသာနေပါတယ်။ သမီးက ဆရာဝန်ဖြစ်ချင်လို့ အခုလို ကြိုးစားခဲ့ရတာ။ သမီးရဲ့ ဆန္ဒတွေ ပြည့်ဝတော့မှာမို့ ရင်ခုန်လှုပ်ရှားနေပါတယ်။ ဖြစ်ချင်တဲ့ စိတ်နဲ့ ကြိုးစားရင်ဘာမဆိုဖြစ်တယ်ဆိုတာကို ၁၀ တန်း ဖြေကြမယ့်မောင်လေး၊ ညီမလေးတွေကို ပြောချင်ပါတယ်။ သမီးတို့ဘဝကို အကောင်းဆုံးဖြစ်အောင်ပုံဖော်ပေးကြတဲ့ မိဘ၊ ဆရာသမားတွေကို ကျေးဇူးတင်နေမိပါတယ်။

**မောင်ထက်အောင်မင်း(ငါးဘာသာဂုဏ်ထူးရှင်-မြင်းခြံမြို့နယ်)**

ကြိုးစားခဲ့သလို အောင်မြင်ခဲ့တဲ့အတွက် အလွန်ဝမ်းသာနေပါတယ်။ စာမေးပွဲဖြေလို့ အောင်မြင်မှုတွေထဲမှာ ၁၀တန်းအောင်တာလောက် ပျော်စရာကောင်းတာမရှိဘူး။ သူရဲ့ရလဒ်ကဘဝကို ပြောင်းလဲစေနိုင်တယ်လေ။ ကျွန်တော့်မိဘတွေ ဝမ်းသာပျော်ရွှင်နေတာကို ကြည့်ပြီး ကျေနပ်မိပါတယ်။ ၁၀တန်းမှာ ဂုဏ်ထူးနဲ့ ထူးချွန်စွာ အောင်မြင်ခဲ့သူတွေကို ကျွန်တော်လေးစား အားကျစိတ်နဲ့သူတို့လို ဖြစ်ရမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး မွေးမြူပြီး ကြိုးစားခဲ့တာပါ။ ဆရာဝန် တစ်ယောက်ဖြစ်ချင်တာက ကျွန်တော့်ရဲ့အိပ်မက်ပါ။ ဒါကြောင့် ဒီအိပ်မက်ရဲ့ နောက်ဆုံး ရည်မှန်းချက်ပြည့်အောင်ကြိုးစားသွားမှာပါ။

**မသက်ထက်စံ (နှစ်ဘာသာဂုဏ်ထူးရှင်-အ.ထ.က-၈၊ အောင်မြေသာစံမြို့နယ်)**

အမေနဲ့သွားကြည့်ပြီး သချ်ာနဲ့ ဇီဝဗေဒဘာသာရပ်တွေမှာ ဂုဏ်ထူးရတဲ့အတွက် ဝမ်းသာတာ မပြောပါနဲ့တော့။အမေဆို အခုအချိန်ထိ ကြွားလို့မဆုံးဘူး။ သမီးက ဆရာဝန်ဖြစ်ချင်လို့ကြိုးစားခဲ့ပေမယ့် အမှတ်စာရင်းအပေါ်မူတည်ပြီး ဆုံးဖြတ်ရမှာပါ။ ပုံမှန်ကျက်မှတ်လေ့ကျင့်ရင် ၁၀တန်းက မခက်ပါဘူး။ ဂုဏ်ထူးထွက်ချင်ရင်တော့ဆန္ဒပြင်းပြစွာနဲ့ပိုပြီး ကြိုးစားရမှာပေါ့။ အဓိကက သမီးရဲ့အမေကို ကျေးဇူးတင်ပါတယ်။ ကျောင်းမှာ စေတနာထားသင်ပြပေးကြတဲ့ဆရာ၊ ဆရာမတွေနဲ့ အနီးကပ်ကြပ်မတ်ပေးကြတဲ့သူတွေကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



၂၀၁၄/၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းကို ဇွန် ၆ ရက်က ထုတ်ပြန်ရာ အထက(၁)ကြည့်မြင်တိုင်၌ အောင်စာရင်းကြည့်သူများကို တွေ့ရစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ဖားမော်မြို့နယ်တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူး လေးဦးပေါ်ထွက်

**ဗန်းမော် ဇွန် ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အတွဲ (၇)၌ ကျား ၁၀၂ ဦး၊ မ ၁၉၆ ဦး ပေါင်း ၂၉၈ ဦး၊ အတွဲ(၁) ၌ ကျား ၇၅၆ ဦး၊ မ ၁၁၈၁ ဦးပေါင်း ၁၉၃၇ ဦး၊ အတွဲ(၂)၌ ကျား ၅၉ ဦး၊ မ ၈၉ဦး စုစုပေါင်း ၂၃၈၃ ဦး ဖြေဆိုခဲ့ရာ အတွဲ(၇) ၌ ကျား ၇၂ဦး၊ မ ၁၄၈ဦး ပေါင်း၂၂၀၊ အတွဲ(၁) ၌ကျား ၂၂၄ ဦး၊ မ ၃၅၉ ဦးပေါင်း ၅၈၃ ဦး၊ အတွဲ(၂) ၌ ကျား ကိုးဦး၊ မ ၁၀ ဦး ပေါင်း ၁၉ ဦး စုစုပေါင်း ၈၂၂ ဦးအောင်မြင်ခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၃၄ ဒသမ ၄၉ ရှိခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရရှိသူ လေးဦး၊ ငါးသာဘာဂုဏ်ထူးရရှိသူ နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁၈ ဦး၊ သုံးဘာသာ ဂုဏ်ထူးရရှိသူ ၁၃ ဦး၊ နှစ်ဘာသာ ၃၁ ဦး၊ တစ်ဘာသာ ၁၁၂ ဦး စုစုပေါင်း ၁၈၀ ဂုဏ်ထူးရရှိကြောင်းသိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

**ဟိုပုံး ဇွန် ၆**

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကို ဇွန် ၆ ရက် နံနက် ၆ နာရီမှစတင်၍ တစ်ပြိုင်နက် ထုတ်ပြန်ကြေညာရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းရှိ ဟိုပုံးမြို့ အထက(၁)နှင့် အထက(၂)၊ အထက(ကျောက်တန်း)၊ အထက (ကျောက္ကချား)၊ အထက(နမ့်ခုတ်)၊ အထက(ခွဲ) စင်ေါ၊ ကျောင်းပြင်ပဖြေကျောင်းသား ကျောင်းသူများသည်၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဟိုပုံးမြို့စာစစ်ဌာနတွင် စာရင်းရှိ ကျား ၂၁၄ ဦး၊ မ ၄၀၄ ဦး စုစုပေါင်း ၆၁၈ ဦးရှိသည့်အနက် ကျား ၁၉၁ ဦး၊ မ ၃၉၄ ဦး စုစုပေါင်း ၅၈၅ ဦး ဝင်ရောက်ဖြေဆိုကြရာ ကျား ၇၄ ဦး၊ မ ၁၂၃ ဦး စုစုပေါင်း ၁၉၇ ဦး အောင်မြင်ပြီး တစ်မြို့နယ်လုံး၏ အောင်ချက် ရာခိုင်နှုန်းမှာ ၃၃ ဒ သမ ၆၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအနက် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၃၈ ဦး စုစုပေါင်းဂုဏ်ထူးဖြင့် အောင်မြင်သူ ၄၇ ဦးရှိကြောင်း သိရသည်။

ဟိုပုံးမြို့နယ်တစ်ခုလုံး၏ အောင်ချက်ရာခိုင်နှုန်းသည် ၂၀၁၄ ခုနှစ်တွင် ၂၃ ဒသမ ၂၃ ရာခိုင်နှုန်းဖြစ်ရာ ၂၀၁၅ ခုနှစ်တွင် ၃၃ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့် အောင်ချက်ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

*စာမျက်နှာ ၅ မှ*

**၂၀၁၅ ခုနှစ်ကနေဒါရွေးကောက်ပွဲ**

ယခုနှစ်တွင် ကျင်းပပြုလုပ်မည့်ကနေဒါရွေးကောက်ပွဲမတိုင်မီ ဘတ်ဂျက်လိုငွေပြမှုများ မဖြစ်ပေါ်စေရန်နှင့် အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ရန် မစ္စတာဟာပါ၏ အစိုးရက ကြိုးပမ်းလုပ်ဆောင်လျက်ရှိနေသည်။

ရေနံအရင်းအမြစ်များကြွယ်ဝသည့်အယ်ဘာတာပြည်နယ်သည် ကနေဒါ အမျိုးသားဖွံ့ဖြိုးမှုအတွက် အဓိက မောင်းနှင်အား တစ်ရပ်ဖြစ်သည်။

သို့သော် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းနေထိုင်သည့် ကွီးဘက်နှင့်အွန်တာရီယို ဒေသတွင် စီးပွားရေးကျဆင်းနေသည့်အတွက် ဆယ်မသည့် ငွေကြေးဘတ်ဂျက်များထောက်ပံ့ပေးရန်လိုအပ်နေသည်။ ၎င်းဒေသတွင်ရှိသည့် အဓိက မော်တော်ကား ထုတ်လုပ်သည့်လုပ်ငန်းအချို့မှာ အလုပ်သမားခ သက်သာသည့်အမေရိကန်နှင့်မက္ကဆီကိုနိုင်ငံများသို့ စက်ရုံများရွှေ့ပြောင်း၍ ထုတ်လုပ်နေကြသည်။ ကွီးဘက်နှင့် အွန်တာရီယိုဒေသတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) နည်းပါးသည်ဟု သိရသည်။

ကနေဒါနိုင်ငံ၏ စီးပွားရေးဘဝကို ခြုံငုံသုံးသပ်ရလျှင် ဘဏ်လုပ်ငန်းစနစ်များ ကြံ့ခိုင်မှုရှိခြင်းနှင့်ရေနံစွမ်းအင်များ တင်ပို့ရောင်းချမှုသည် ကြီးကျယ်သော အခွင့်အလမ်းသာမှုများပင် ဖြစ်ပါသည်ဟု အီကော်နောမစ်မဂ္ဂဇင်းတွင် ရေးသားဖော်ပြထားသည်။

❍ ရှေ့ဖုံးမှ

ပရဟိတအဖွဲ့လေးရဲ့ စေတနာထား အခမဲ့သင်ကြားပေးတဲ့ အလုပ်ချိန်အပြီး ည ၇ နာရီကနေ ၉ နာရီ သင်ကြားမှုတစ်ခုတည်းကို အားပြုခဲ့သူပါ။ မိမိရဲ့နည်းပါးတဲ့ ကိုယ်ပိုင်အချိန်လေးထဲကနေ ကြိုးစားလေ့လာခဲ့တဲ့ အကျိုးရလဒ်က အောင်စာရင်းစာရွက်မှာ သူ့နာမည်ကို မြင်တွေ့ရတာပါ။ ငါးဦးဖြေဆိုတဲ့ သူတို့စာသင်ဝိုင်းလေးမှာ သူငယ်ချင်း မနီနီစိုးလည်း သူ့လို အောင်မြင်ပြီး ကျန်သုံးဦးကတော့ ရှေ့နှစ်ပြန်လည်သင်ယူဖို့ အဆင်သင့်ရှိနေပါပြီ။

ယနေ့နံနက်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းတွေ ထုတ်ပြန်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံးက စာစစ်ဌာနတွေမှာ အောင်စာရင်းလာရောက်ကြည့်ရှုသူတွေနဲ့ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိပြီး ဖြေဆိုအောင်မြင်သူများကလည်း ဝမ်းသာစွာနဲ့ ရှေ့သို့တက်လှမ်းကြတော့မယ့် ပညာရေးလှေကားထစ်ကို မျှော်ကြည့်စိတ်ကူးကြပြီး ကျရှုံးသူများကလည်း မိဘ၊ ဆရာသမား၊ သူငယ်ချင်းများရဲ့ ဖေးဖက်ကူညီပြီး အားပေးစကားသံများကြောင့် နောက်တစ်နှစ်ပြန်လည်ဖြေဆိုဖို့ ပြင်ဆင်ကြရပါပြီ။

“ဒီနှစ်အတွက် ဖြေဆိုသူဦးရေဟာ ၅၉၇၉၄၆ဦးရှိခဲ့ပြီး အောင်မြင်သူ ၂၂၄၈၄၇ ဦးရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၃၇ ဒသမ ၆၀ ရာခိုင်နှုန်းအောင်မြင်ခဲ့ပြီး ယမန်နှစ်က ၅၄၁၉၄၆ ဦးမှာ အောင်မြင်သူ ၁၇၁၆၄၇ဦးရှိခဲ့ပြီး ၃၁ ဒသမ ၆၇ ဦး ရှိခဲ့တဲ့အတွက် ယမန်နှစ်ကထက် ၅ ရာခိုင်နှုန်း ပိုမိုအောင်မြင်ခဲ့ပါတယ်” လို့ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနတာဝန်ရှိသူက သတင်းထုတ်ပြန်ပေးပါတယ်။

ဖြေဆိုသူများထဲမှာ ဧရာဝတီတိုင်းဒေသကြီးရဲ့ အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ခဲ့ပြီး တစ်နိုင်ငံလုံး ဖြေဆိုအောင်မြင်သူများရဲ့ ၅၀ ဒသမ ၇၈ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့ပါတယ်။ ဒ့ါအပြင် မွန်ပြည်နယ်နဲ့ မကွေးတိုင်းဒေသကြီးတို့ရဲ့ အောင်ချက်ရာခိုင်နှုန်းဟာ အခြားပြည်နယ်တိုင်းဒေသကြီးတွေထက် မြင့်တက်ခဲ့ပါတယ်။

“ရန်ကုန်တိုင်း ဒေသကြီးမှာ အောင်ချက် ၃၆ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ဘာသာစုံဂုဏ်ထူးရှင် အများဆုံးထွက်ရှိခဲ့ပြီး ၄၃၉ ဦးအထိ ရှိခဲ့ပါတယ်။ မနှစ်က ရန်ကုန်တိုင်းဒေသကြီးမှာ ဘာသာစုံဂုဏ်ထူးရှင် ၄၁၈ ဦးသာ ထွက်ရှိခဲ့တာမို့ ဂုဏ်ထူးရရှိမှုအနေနဲ့များပြားလာပါတယ်။ ဒ့ါအပြင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြည့်ရင် ဘာသာစုံဂုဏ်ထူးရှင်ဟာ မနှစ်က တစ်နိုင်ငံလုံးမှာ ၆၀၂ဦးရှိခဲ့ပြီး ဒီနှစ်မှာ ၈၂၉ ဦးအထိ များပြားလာတယ်” လို့ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနတာဝန်ရှိသူက ဆိုပါတယ်။

ဒီနှစ်မှာ ပညာရေးဝန်ကြီးဌာနက ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် ဖြေဆိုအောင်မြင်သူများနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတစ်ခုစီက အမှတ်အများဆုံး ကျောင်းသား ကျောင်းသူငါးဦးစီ၊ သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲနဲ့ ဝိပ္ပံတွဲများက တစ်နိုင်ငံလုံး အမှတ်အများဆုံး ၁၁ ဦးကို ထုတ်ပြန်ပေးခဲ့ပါတယ်။

“အပြင်ကျောင်းတွေလည်း အများကြီးရှိလာတာကို တွေ့ရတယ်။ သို့သော် တက္ကသိုလ်ဝင်စာမေးပွဲကို အစိုးရကျောင်းတွေက ပိုပြီး ဂုဏ်ထူးရကြတာကိုလည်း မြင်တွေ့ရတယ်။ တကယ်ကြိုးစားရင် ကြိုးစားသလို အခွင့်အရေးကိုရရှိမှာပါ။ ပညာရေးမှာ ကလေးတွေက ဒါကျက်ဒါဖြေစနစ်ကို အကြာကြီးကြုံခဲ့ရပြီး တက္ကသိုလ်ဝင်တန်းရောက်မှ အစိုးရစစ်ဆိုတာကို ကြုံရတော့ အခက်အခဲဖြစ်ရတယ်။ နောက်ပိုင်းမှာ ပညာရေးစနစ်က ပိုပြီးစနစ်ကျလာမယ်၊ ပညာရေးဥပဒေတွေလည်း အသက်ဝင်လာတော့မယ်ဆိုရင် ကလေးတွေရဲ့ သင်ယူမှုစွမ်းအားတွေ မြင့်လာနိုင်သလို ဆရာတွေရဲ့ သင်ကြားမှုတွေကိုလည်း မြှင့်တင်ပေးကြဖို့ ရှိပါတယ်။ တက္ကသိုလ်ဝင်တန်းဟာ လက်ရှိမှာ ကျောင်းသား ကျောင်းသူတွေရဲ့ ဘဝကို အဆုံးအဖြတ်ပေးတဲ့ ဘာသာရပ်ရွေးချယ်မှုတွေကို ကန့်သတ်ထားပေမယ့် လာမယ့်နှစ်တွေမှာ မိမိနှစ်သက်ရာကို ဝင်ခွင့်နဲ့ ပြန်လည်ဖြေဆိုခွင့်ရရှိကြမယ်ဆိုရင် ပိုပြီးကောင်းမွန်မယ်လို့ ထင်ပါတယ်”ဟု ပညာတန်ဆောင်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာဝေလင်းထွန်းက ပြောကြားသည်။

## နှစ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အနေအထား

| ခုနှစ် | ဖြေဆို | အောင်မြင် | ဂုဏ်ထူးရဦးရေ | အောင်မြင်သည့် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၂၀၁၀-၂၀၁၁ ပညာသင်နှစ် | ၄၆၉၈၅၂ | ၁၆၅၀၀၇ | ၂၈၆၁၂ | ၃၅. ၁၂% |
| ၂၀၁၁-၂၀၁၂ ပညာသင်နှစ် | ၄၆၇၈၄၉ | ၁၆၀၇၇၈ | ၃၉၀၀၂ | ၃၄. ၃၇% |
| ၂၀၁၂-၂၀၁၃ ပညာသင်နှစ် | ၄၈၇၄၁၃ | ၁၇၀၀၄၃ | ၃၈၂၁၇ | ၃၄. ၈၉% |
| ၂၀၁၃-၂၀၁၄ ပညာသင်နှစ် | ၅၄၁၉၄၆ | ၁၇၁၆၄၇ | ၄၅၅၈၇ | ၃၁. ၆၇% |
| ၂၀၁၄-၂၀၁၅ ပညာသင်နှစ် | ၅၉၇၉၄၆ | ၂၂၄၈၄၇ | ၉၃၂၂၅ | ၃၇. ၆၀% |

သိပ္ပံဘာသာတွဲများမှာ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်မှ ဘာသာစုံဂုဏ်ထူးရှင် မအိရတနာနိုင်က စုစုပေါင်းရမှတ် ၅၆၀နဲ့ တစ်နိုင်ငံလုံး အမှတ်အများဆုံး ပထမနဲ့ အထက (၁)ဒဂုံမှ မဆုမွန်က ရမှတ်ပေါင်း ၅၅၇နဲ့ ဒုတိယ၊ အထက(၁) ဒဂုံမှ မမေစိုးစိုးဆွေ၊ မောင်ရှင်းသန့်ကျော်လင်းနဲ့ အထက (၃)မြစ်ကြီးနားမှ မောင်အောင်သန့်ကျော်၊ အထက(၂) လမ်းမတော်မှ မောင်အောင်မြင့်ထွန်းတို့က စုစုပေါင်းရမှတ် ၅၅၅ စီနဲ့ ပူးတွဲတတိယ ရရှိခဲ့ကြပါတယ်။

ဝိပ္ပံဘာသာတွဲတွင်မှာလည်း အထက (၅) ကမာရွတ်မှ မောင်ဟိန်းထက်အောင်က ရမှတ် ၅၂၀ နဲ့ တစ်နိုင်ငံလုံး အမှတ်အများဆုံး ပထမဖြစ်ခဲ့ပြီး မလှိုင်မြို့နယ်မှ မောင်မင်းဗလက ရမှတ် ၅၁၉ မှတ်နဲ့ ဒုတိယ၊ အထကကြံခင်းမှ မယွန်းမီမီထက်က ရမှတ် ၅၁၇ မှတ်နဲ့ တတိယ အမှတ်အများဆုံးရရှိခဲ့ကြတယ်လို့ ပညာရေးဝန်ကြီးဌာနက သိရပါတယ်။

ဝိဇ္ဇာဘာသာတွဲမှာတော့ အထကအိမ်မဲကြီးမှ မသင်းသင်းဖြိုးက ရမှတ် ၅၁၀နဲ့ ပထမ၊ အထက ဇလွန်မှ မအိအိပွင့်က ရမှတ် ၄၉၅နဲ့ ဒုတိယ၊ အထက အိုင်သပြု(လေးမျက်နှာ)မှ မမွန်မွန်ချိုက ရမှတ် ၄၉၄နဲ့ တတိယ အမှတ်အများဆုံးစာရင်းတွင် ပါဝင်ခဲ့ပါတယ်။

“တက္ကသိုလ်ဝင်တန်းဟာ နတ်ကြီးတယ်လို့ ကလေးတွေက ဆိုကြတယ်။ တကယ်တော့ အခြေခံကနေစပြီး လေ့လာကျက်မှတ်သူတိုင်းဟာ အလွယ်တကူ ဖြေဆိုနိုင်မှာပါ။ မိဘတွေက အသင့်စားပညာရေးလို့ခေါ်တဲ့ ကလေးဗဟိုပြုစနစ်ကို နိုင်ငံတကာမှာတော့ ကလေးတွေရဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်တက်လာအောင် ဆောင်ရွက်ပါတယ်။ ကျွန်မတို့ နိုင်ငံမှာတော့ မိဘတွေနဲ့ စာသင်ကြားသူတွေရဲ့ ဂိုက်လိုင်းချပေးမှု လမ်းလွဲပြီး ကလေးတွေကို ကိုယ်တိုင်ရှာဖွေလေ့ကျင့်တတ်အောင်ထက် လက်ရှိ ရေတိုအောင်မြင်မှုကို ဦးစားပေးတတ်ကြတယ်။ ကျွန်မတို့ခေတ်တုန်းကလည်း အဲဒီလိုမဟုတ်ဘူး။ ကိုယ်တိုင်ရှာဖွေခဲ့ကြရတာ။ ကျွန်မထင်ပါတယ်၊ ဒီမျိုးဆက်တစ်ခုမှာ ပညာရေးဟာ မိဘနဲ့ ဆရာသမားတွေရဲ့ ဦးဆောင်မှုနောက်ကိုလိုက်ပြီး ကိုယ်ပိုင်သင်ယူမှု စွမ်းရည်တွေ ကျဆင်းသွားတယ်။ အခုချိန်မှာ လေးတန်းနဲ့ ရှစ်တန်းကို အစိုးရစစ်ပြောင်းလိုက်ပြီ၊ တက္ကသိုလ်ဝင်ခွင့်လည်း သီးသန့်ဖြေဆိုဖို့ လုပ်မယ်၊ ဆရာတွေရဲ့ အရည်အသွေးကိုလည်း အဆင့်မြှင့်နေတာတွေ အားလုံးကြောင့် လာမယ့် ငါးနှစ်လောက်ဆိုရင် တက္ကသိုလ်ဝင်တန်းအောင်ချက်တွေဟာ အခုထက်ပိုမြင့်လာတော့မယ်”လို့ International Business Academy မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမေသူမောင်က ပညာရေးနဲ့ပတ်သက်တဲ့ သူ့အမြင်ကို ပြောပြပါတယ်။

ပညာရေးဝေးသည်မရှိ စာတမ်းကို အစိမ်းရောင်သုတ်ဆေးနဲ့ ကျောင်းနံရံမှာ သုတ်ထားတာကို မော့ကြည့်ရင်း သက်ပြင်းချမိသူ မအေးမြတ်မွန်က “သမီးကအောင်စာရင်း လာကြည့်တာ။ အောင်မယ်လို့ ယုံထားပေမယ့် သမီးနာမည်ပါမလာဘူး”လို့ ပြောရင်း မျက်ရည်ဝဲနေပါတယ်။ ဒါပေမယ့် သတင်းထောက်ရဲ့အမေးကို သူဆက်ဖြေချင်တဲ့ပုံရှိလို့ ကျွန်မက အသံဖမ်းစက်ကို သူ့မျက်နှာနားကနေ ပြန်မချသေးဘဲ စောင့်နေတော့ အားတင်းရင်း သူပြောပါတယ်။ “ဒီနှစ်မအောင်ရင် နောက်နှစ်ပေါ့ အစ်မရယ်။ အောင်အောင်ဖြေရမှာပေါ့။ ဆယ်တန်းစာမေးပွဲမှ မဟုတ်ပါဘူး အချိန်တိုင်း လူတိုင်းက အမြဲဖွဲ့နဲ့ ကြိုးစားရတာပဲ။ သမီးအောင်စာရင်းက ရှေ့နှစ်ပေါ့”လို့ ဖြေကြားလိုက်တဲ့အခါ အထက(၁)ဗဟန်းကျောင်းမှာ အောင်စာရင်းလာကြည့်တဲ့ သူ့သူငယ်ချင်းတွေက အားလုံး ရယ်မောရင်း အောင်မြင်သူတွေကလည်း ပြုံးပန်းတွေနဲ့၊ ကျရှုံးသူတွေကလည်း ဖွဲ့နဲ့တစ်ကျော့ပြန် ကြိုးစားဖို့ အားတစ်ခုရရှိသွားပါတယ်။

လက်ဖက်ရည်ဆိုင် တစ်ခုမှာ အလုပ်လုပ်ရင်း တက္ကသိုလ်ဝင်စာမေးပွဲကိုအောင်မြင်ခဲ့တဲ့ မောင်ဇင်မင်းသန့်က နာမည်ကြီးအစိုးရကျောင်းတွေ၊ အဆင့်မြင့် ပြင်ပစာသင်ကျောင်းတွေကို သူတက်ခဲ့ရပေမယ့် သူ့ အလုပ်သိမ်းချိန် ညဘက်စာသင်ပေးနေတဲ့ ပန်းပျိုးသူများစာသင်ဝိုင်းမှာ သူနဲ့အတူ အောင်စာရင်းမပါသေးတဲ့ ဘဝတူတွေကို ပြန်သင်ကြားဖို့အတွက် တက္ကသိုလ်ဝင်တန်း ဖတ်စာအုပ်ကို ညအလုပ်သိမ်းချိန်မှာ စကိုင်ပါတော့မယ်။

ဒီနေ့မှာ “စာမေးပွဲကို အောင်တာရှုံးတာထက် ရှေ့ဆက်ရမယ့် ခရီးလမ်းပန်းတိုင်ကို ထင်ထင်ရှားရှားမြင်ကြရဖို့က လိုအပ်တယ်။ သားတို့ သမီးတို့အတွက် အနာဂတ်ကို စာမေးပွဲတစ်ခုနဲ့ အဆုံးအဖြတ်မပေးဘဲ ကိုယ့်ရဲ့ကိုယ်စွမ်းဉာဏ်စွမ်းအားကို မြှင့်တင်ကြိုးစားဖို့ကို အဓိကခေါင်းထဲထည့်ထားစေလိုတယ်”လို့ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်က ဘုန်းတော်ကြီးသင် ပညာရေးတက္ကသိုလ်ဝင်တန်း အခမဲ့ သင်တန်းကို စာရင်းပေးတဲ့ နှစ်ကျကလေးတွေကို ဆရာတော် ဦးဝိမလက ဆုံးမနေပါတယ်။

(မြန်မာ့အလင်း)

# ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တစ်ပြိုင်တည်းထုတ်ပြန်

**နေပြည်တော် ဇွန် ၆**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တစ်ပြိုင်တည်း ထုတ်ပြန်ခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများတွင် နံနက် ၄ နာရီခွဲခန့်မှစ၍ စာမေးပွဲအောင်စာရင်းကြည့်ရှုမည့်သူများသည် သက်ဆိုင်ရာအခြေခံပညာ အထက်တန်းကျောင်းများတွင် စုဝေးရောက်ရှိနေကြပြီး အောင်စာရင်းကပ်မည့် အချိန်ကို စောင့်ဆိုင်းနေကြသည်ကို တွေ့ရသည်။

ယခုနှစ်စာမေးပွဲတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း တစ်ဘာသာ ဂုဏ်ထူးရှင် ၆၅၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၈၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၉၀၊ ငါးဘာသာ ဂုဏ်ထူးရှင် ၃၁ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ၇ ဦး စုစုပေါင်း ဂုဏ်ထူးရရှိသူ ၁၀၀၇ ဦးရှိကြောင်း သိရှိရပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၆၃၅၉ ဦးရှိရာ အောင်မြင်သူ ၅၀၀၄ ဦး၊ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၀ ဒသမ ၅၉ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ယမန်နှစ်က တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၄၃၅၅ ဦးတွင် ၃၈၉၄ ဦးအောင်မြင်ခဲ့၍ အောင်ချက်ရာခိုင်နှုန်း ၂၇ ဒသမ ၁၃ ရာခိုင်နှုန်းသာရှိခဲ့၍ ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်းတက်လာခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ယမန်နှစ်တွင် ဂုဏ်ထူးရရှိသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ရာမှ ယခုနှစ်တွင် ဂုဏ်ထူးရရှိသူ ၁၀၀၇ ဦးအထိ ရှိလာခဲ့သည်။

၂၀၁၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တစ်နိုင်ငံလုံးတွင် ဖြေဆိုသူ စုစုပေါင်း ၅၉၇၉၄၆ ဦး ဖြေဆိုခဲ့ရာ ၂၂၄၈၄၇ ဦး အောင်မြင်ခဲ့၍ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၇ ဒသမ ၆၀ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။ ယခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၆၁၈၅၁ ဦးတွင် ၃၁၀၂၆ ဦး အောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၅၁ ဒသမ ၇၈ ရာခိုင်နှုန်းဖြင့် အောင်ချက်အမြင့်ဆုံး ပထမအဖြစ် လည်းကောင်း၊ မွန်ပြည်နယ်သည် ဖြေဆိုသူ ၁၈၁၇၀ တွင် ၇၈၈၆ ဦး အောင်မြင်ခဲ့၍ အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် အောင်ချက်အမြင့်ဆုံး ဒုတိယအဖြစ်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးသည် ဖြေဆိုသူ ၅၆၈၇၂ ဦးတွင် ၂၃၂၃၉ ဦး အောင်မြင်ခဲ့၍ အောင်မြင်မှုရာခိုင်နှုန်း ၄၀ ဒသမ ၈၆ ရာခိုင်နှုန်းဖြင့် အောင်ချက်အမြင့်ဆုံး တတိယအဖြစ် လည်းကောင်း ရရှိခဲ့ကြသည်။ ယခုနှစ်တွင် ငါးနှစ်ဆက်တိုက် ပထမနေရာတွင်ရပ်တည်နိုင်ခဲ့သော မွန်ပြည်နယ်သည် ဒုတိယနေရာသို့ ရောက်ရှိသွားပြီး ယမန်နှစ်က ဒုတိယနေရာတွင်ရှိသော ဧရာဝတီတိုင်းဒေသကြီးသည် ယခုနှစ်တွင် အောင်ချက်အကောင်းဆုံး တိုင်းဒေသကြီးအဖြစ် ပထမနေရာသို့ ရောက်ရှိသွားသည်ကို တွေ့ရသည်။

**သန်းဦး(လေးမျက်နှာ)**



# နေပြည်တော်ကောင်စီနယ်မြေ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်

**နေပြည်တော် ဇွန် ၆**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မတ်လက ဖြေဆိုပြီးစီးခဲ့ပြီး အောင်စာရင်းများကို ဇွန် ၆ ရက်တွင် စာစစ်ဌာနများ၌ ထုတ်ပြန်ကြေညာခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေတွင်လည်း နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံးနှင့် သက်ဆိုင်ရာစာစစ်ဌာနများတွင် နံနက် ၆ နာရီက တစ်ပြိုင်နက် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်နှင့် သီရိငါးမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်ရှိရာတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၁၆၃၅၉ ဦးရှိ၍ အောင်မြင်သူ ၅၀၀၄ ဦး အောင်မြင်ကာ အောင်ချက်ရာခိုင်နှုန်း ၃၀ ဒသမ ၅၉ ဖြစ်ပြီး ဂုဏ်ထူးရရှိသူပေါင်း ၉၇၉ ဦးရှိကာ ဥတ္တရခရိုင်မှ ဘာသာစုံဂုဏ်ထူးရှင် လေးဦးထွက်ရှိကာ ဒက္ခိဏခရိုင်မှ သုံးဦးထွက်ရှိ၍ နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးရှင် ခုနစ်ဦးထွက်ရှိကြောင်း နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဦးစိုးဝင်းထံမှ သိရသည်။

**သတင်း-မင်းမင်းလတ်(မန်းတက္ကသိုလ်)**
**ဓာတ်ပုံ-ကိုကိုရှူပ**

# အပြစ်မဲ့ပြည်သူများ၏ ဒုက္ခများ ပြေလည်မှုရရှိရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော် ဇွန် ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ **(ယာပုံ)** ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။




အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုခရီးစဉ်သည် ကျောက်ကြီးမြို့နယ်အတွင်းရှိ ထင်ရှားသည့် မုန်းမြို့ကို ပထမဆုံးရောက်ရှိခြင်းဖြစ်ပါကြောင်း၊ မုန်းမြို့သည် မြန်မာနိုင်ငံတွင် လူသိများသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ လူသိများရခြင်းမှာ မုန်းဒေသရှိ ပြည်သူများသည် လက်နက်ကိုင်ပဋိပက္ခများကို ခံစားခဲ့ရ၍ ဖြစ်ပါကြောင်း၊ မုန်းဒေသ၌နေထိုင်ကြသည့် ပြည်သူများ လက်နက်ကိုင် ပဋိပက္ခများကြောင့် ဆင်းရဲဒုက္ခများ ကြုံတွေ့ရသည်ကို ဝမ်းနည်းဖွယ်ရာ ကြားသိခဲ့ရပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်ကို ယနေ့ထက်တိုင် ခံစားနေရဆဲဖြစ်ပါကြောင်း။

ဖြူးမြို့နှင့် မုန်းမြို့လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကို ပြေလည်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကြိုးစားဆောင်ရွက်ပေးနေ၍ အချိန်ကာလတစ်ခုတွင် ပြီးမြောက်သွားမည် ဖြစ်ကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများကြောင့် အပြစ်မဲ့ပြည်သူများ၏ ဒုက္ခများ ပြေလည်မှုရရှိရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ ကြုံတွေ့ရသည့် ဆင်းရဲဒုက္ခများကို ပြေလည်အောင် မဖြေရှင်းပေးနိုင်လျှင် ရေရှည်ဖြစ်ပေါ်နေမည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဒေသလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဒေသ၏ လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ပညာရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

တွေ့ဆုံပွဲမစတင်မီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မုန်းမြို့ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်နေသော လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားကာ ခေတ်မှန်ဆောင်အား ကြည့်ရှုပြီး ဆေးရုံတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ဖြူးမြို့နယ် အုတ်ဖြတ်ဒေသ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျောင်း၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖြူးမြို့နယ် ဝဲကြီးအခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ယာယီစာသင်ကျောင်းဆောင်အတွင်း ဆရာ ဆရာမများ၊ ဝဲကြီးကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကျောင်း၏ လိုအပ်ချက်နှင့်ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး ယာယီကျောင်းဆောင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖြူး-အုတ်ဖြတ်-မုန်းလမ်း ဝဲယာရှိ ကျေးရွာများဖြစ်သော ဇီးခုံကျေးရွာအုပ်စု၊ တံခွန်တိုင်ကျေးရွာအုပ်စုတို့မှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျေးရွာမီးလင်းရေးနှင့် အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖြူးမြို့ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး အဘိုး အဘွားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး အလှူငွေများ ပေးအပ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဖြူးမြို့ မြို့နယ်ခန်းမ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

## ကနေဒါနိုင်ငံက မြန်မာနိုင်ငံ၏စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်တိုးတက်မှုအခြေအနေများကို ဆက်လက်ထောက်ခံအကူအညီပေးသည့်အနေဖြင့် မြန်မာနိုင်ငံအား အထွေထွေဦးစားပေးအကောက်ခွန်နှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် အကောက်ခွန်ဆိုင်ရာအခွင့်အရေးများကို ပြန်လည်ပေးအပ်

**နေပြည်တော် ဇွန် ၆**

ကနေဒါနိုင်ငံ အစိုးရသည် ကနေဒါပြန်တမ်းကို ထုတ်ပြန်၍ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်တိုးတက်မှုအခြေအနေများကို ဆက်လက်ထောက်ခံအကူအညီပေးသည့်အနေဖြင့် မြန်မာနိုင်ငံအား အထွေထွေဦးစားပေးအကောက်ခွန်နှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အကောက်ခွန်ဆိုင်ရာ အခွင့်အရေးများကို ပြန်လည်ပေးအပ်ခဲ့သည်။

ကနေဒါနိုင်ငံက မြန်မာနိုင်ငံအတွက် အထွေထွေဦးစားပေးအကောက်ခွန်နှင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် အကောက်ခွန်အခွင့်အရေးများ ပြန်လည်ပေးအပ်မှုသည် ၂၀၁၅ ခုနှစ် မတ် ၁၃ ရက်တွင် စတင်သက်ဝင်ခဲ့သည်။ အဆိုပါ ပြန်တမ်းအရ မြန်မာနိုင်ငံမှ ကနေဒါနိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ရာတွင် အခွန်ကင်းလွတ်ခွင့်အခွင့်အရေးများရရှိမည်ဖြစ်၍ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းတင်ပို့သူများအနေဖြင့် ဤအခွင့်အရေးကို ထိရောက်စွာ အသုံးချနိုင်မည်ဆိုပါက ကနေဒါနိုင်ငံ၏ ဈေးကွက်သို့ မြန်မာနိုင်ငံ၏ကုန်ပစ္စည်းများ ပိုမိုထိုးဖောက်နိုင်မည်ဖြစ်သည်။

ဥရောပသမဂ္ဂ(အီးယူ)သည်လည်း ဥရောပဈေးကွက်သို့ မြန်မာနိုင်ငံထွက်ကုန်များ တင်ပို့ရာတွင် အခွန်ကင်းလွတ်ခွင့်နှင့် ခွဲတမ်းသတ်မှတ်ချက် ကင်းလွတ်ခွင့်ရရှိနိုင်သည့် အထွေထွေဦးစားပေးအခွင့်အရေးများကို ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းက ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့်လည်း ၎င်း၏အထွေထွေဦးစားပေးအခွင့်အရေးများ အစီအစဉ်အောက်တွင် မြန်မာနိုင်ငံအား ကုန်သွယ်မှုအထူးအခွင့်အရေးများ ပြန်လည်ပေးအပ်ရန်ကိစ္စကို နှစ်ဖက်ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်သည်။

၁၉၆၈ ခုနှစ်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံတွင် အတည်ပြုခဲ့သော အထွေထွေဦးစားပေးအခွင့်အရေးများ အစီအစဉ်သည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၏ ပြည်ပပို့ကုန်ဝင်ငွေတိုးတက်စေရန်၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားရေးတိုးတက်မှုနှုန်းမြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးသည့် အစီအစဉ်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံသို့ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ် အပြည့်အဝပူးပေါင်းဆောင်ရွက်မှု အကူအညီအဖြစ် ၂၀၁၅ -၂၀၁၇ ကာလအတွက် နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင် (စီပီအက်ဖ်)ပေးအပ်ရန် သဘောတူညီ

**နေပြည်တော် ဇွန် ၆**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့အခြေစိုက် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံသို့ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ် အပြည့်အဝပူးပေါင်းဆောင်ရွက်မှုအကူအညီအဖြစ် ၂၀၁၅ -၂၀၁၇ ကာလအတွက် နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင် (စီပီအက်ဖ်)ပေးအပ်ရန် ၂၃-၄-၂၀၁၅ ရက်တွင် ကျင်းပခဲ့သည့် အမှုဆောင်အရာရှိများ အစည်းအဝေး၌ သဘောတူညီခဲ့သည်။

အဆိုပါမူဘောင်အောက်တွင် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပြည်သူများ အတွက် အခြေခံကျသော ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရေးနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီးပွားရေးအခွင့်အလမ်းကောင်းများ ဖန်တီးပေးရေးတို့ကို အဓိကထား၍ ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅-၂၀၁၇ နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်သည် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ကျယ်ပြန့်သော အရပ်ဘက်လူမှုအဖွဲ့အစည်းတို့နှင့် စနစ်တကျအနီးကပ်ထိတွေ့ ရေးဆွဲထားပြီး ၎င်းမှအပြန်အလှန်နားလည်မှုကို တည်ဆောက်ရေးနှင့် မြန်မာနိုင်ငံအတွက် ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များ ထုတ်ဖော်သတ်မှတ်ရေးတို့အတွက် အထောက်အကူဖြစ်စေကြောင်းနှင့် ယင်းမူဘောင်မှာ မကြာသေးမီက ကမ္ဘာ့ဘဏ်၏ ထုတ်ဖော်တွေ့ရှိချက်၊ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ဆွေးနွေးဖလှယ်မှု ရလဒ်များ၊ ၂၀၁၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံဆိုင်ရာ လေ့လာသုံးသပ်ချက်တို့အပေါ် အခြေခံ၍ ကမ္ဘာ့ဘဏ်က ရေးဆွဲထုတ်ပြန်ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## တောင်ငူ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထုတ်ပြန်

**တောင်ငူ ဇွန် ၆**

၂၀၁၅ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၆ ရက် နံနက် ၆ နာရီတွင် ထုတ်ပြန်ခဲ့ရာ တောင်ငူမြို့နယ်၌ ဖြေဆိုသူ ၃၇၃၆ ဦးအနက် ၁၂၆၃ ဦး အောင်မြင်ခဲ့သည်။

အဆိုပါ အောင်မြင်သူများထဲမှ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၁ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၃၅ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၇၆ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၉၁ ဦး ပါဝင်ခဲ့ပြီး တောင်ငူမြို့နယ်အတွက် ၃၃ ဒသမ ၈၁ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**



# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိသူ ၂၄ ဦးအား သက်ဆိုင်ရာနိုင်ငံခြားတက္ကသိုလ်များသို့ စေလွှတ်ရန် အတည်ပြုဆုံးဖြတ်

**ရန်ကုန် ဇွန် ၆**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမဥ္စကျင်းပရာ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒေါက်တာဒေါ်ရင်ရင်နွယ်၊ ဒေါက်တာဒေါ်ရီရီမြင့်၊ ဒေါက်တာကျော်ရင်လှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



**ညှိနှိုင်းဆွေးနွေး**

အဆိုပါအစည်းအဝေးတွင် ပါရဂူတန်းတစ်ဦး၊ မဟာတန်း ခုနစ်ဦး၊ ဘွဲ့ကြို တန်း ၁၆ ဦး စုစုပေါင်း ၂၄ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံခြားတက္ကသိုလ်များသို့ စေလွှတ်သွားရန် အတည်ပြုဆုံးဖြတ်ခဲ့ကြပြီး ဆက်လက်စေလွှတ်သွားနိုင်ရန် အစီအစဉ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု စေလွှတ်မည့်အမည်စာရင်း

| စဉ် | အမည် | ခုံအမှတ် | အဆင့် | အထူးပြု | တက်ရောက်ခွင့်ရရှိသောတက္ကသိုလ် | နိုင်ငံ |
|---|---|---|---|---|---|---|
| ၁။ | မရတနာဦး | Mdy-PGP-0796 | ပါရဂူဘွဲ့ | Epidemiology | Johann Wofgang Goethe University | ဂျာမနီ |
| ၂။ | မောင်စွမ်းထက် | Ygn-PGM-0072 | မဟာဘွဲ့ | Aerospace and Aviation | Royal Melbourne Institute of Technology (RMIT) | သြစတြေးလျ |
| ၃။ | မောင်အာကာမောင်မောင်အောင်ကျော်ထက် | Ygn- PGM-0005 | မဟာဘွဲ့ | Structural Engineering | The Universtiy of Sydney | သြစတြေးလျ |
| ၄။ | မမျိုးသီတာဆွေ | Ygn-PGM-0376 | မဟာဘွဲ့ | Development Studies | Latrobe University | သြစတြေးလျ |
| ၅။ | ဒေါက်တာမဖြူစင် | Ygn-PGM-0319 | မဟာဘွဲ့ | Public Health | The University of Edinburgh | ဗြိတိန် |
| ၆။ | မောင်လှိုင်မင်းသွေးအောင် | Ygn-PGM-0132 | မဟာဘွဲ့ | Engineering | Teesside University | ဗြိတိန် |
| ၇။ | မသက်ထားနွယ် | Ygn-PGM- 0596 | မဟာဘွဲ့ | Civil Engineering (Structure) | Teesside University | ဗြိတိန် |
| ၈။ | မခင်မျိုးမြတ်စိုး | Mdy-PGM -0195 | မဟာဘွဲ့ | International Relations | University of Glasgow | ဗြိတိန် |
| ၉။ | မောင်မိုးရဲထက် | Ygn-UG-0192 | ဘွဲ့ကြို | Electrical Engineering | Purdue University | အမေရိကန် |
| ၁၀။ | မောင်မင်းသန့်တင် | Ygn-UG-0184 | ဘွဲ့ကြို | Mechanical Engineering | University of Massachusetts Lowell | အမေရိကန် |
| ၁၁။ | မခိုင်သူသူ | Ygn-UG-0108 | ဘွဲ့ကြို | Medicine | University of Nottingham | ဗြိတိန် |
| ၁၂။ | မောင်အေးချမ်းအောင် | Ygn-UG-0015 | ဘွဲ့ကြို | Law | Bellerbys College | ဗြိတိန် |
| ၁၃။ | မောင်ညီထွန်းစံ | Ygn-UG-0233 | ဘွဲ့ကြို | Medicine | University of Central Lancashire(ucla) | ဗြိတိန် |
| ၁၄။ | မဆုမီမီထွန်း | Ygn-UG-0072 | ဘွဲ့ကြို | Engineering(Mechatronics) | The University of Sydney | သြစတြေးလျ |
| ၁၅။ | မောင်သူရိန်ဇွဲ | Ygn-UG-0344 | ဘွဲ့ကြို | Medicine | UNSW Global | သြစတြေးလျ |
| ၁၆။ | မမြတ်နိုးဟန် | Ygn-UG-0200 | ဘွဲ့ကြို | Medicine | University of Melbourne | သြစတြေးလျ |
| ၁၇။ | မအိန္ဒြာနှင်းလွင် | Ygn-UG-0035 | ဘွဲ့ကြို | Medicine | University of Melbourne | သြစတြေးလျ |
| ၁၈။ | မအိုင်ဗွီမြင့်ထူး | Ygn-UG-0094 | ဘွဲ့ကြို | Medicine | Trinity College The University of Melbourne | သြစတြေးလျ |
| ၁၉။ | မမေအိမ်မှူး | Ygn-UG-0159 | ဘွဲ့ကြို | Engineering | Trinity College The University of Melbourne | သြစတြေးလျ |
| ၂၀။ | မသင်းဝေသဇင်တိုး | Ygn- UG-0333 | ဘွဲ့ကြို | International Relations | Australian National University (ANU) | သြစတြေးလျ |
| ၂၁။ | မတင့်ဇာထွန်း | Ygn- UG-0352 | ဘွဲ့ကြို | Civil Engineering and Infrastructure | RMIT | သြစတြေးလျ |
| ၂၂။ | မောင်မျိုးသူရိန် | Ygn- UG-0058 | ဘွဲ့ကြို | Engineering | University of Melbourne | သြစတြေးလျ |
| ၂၃။ | မောင်ဝေဖြိုးဟိန်း | Ygn- UG-0359 | ဘွဲ့ကြို | Biomedicine | University of Melbourne (Trinity College) | သြစတြေးလျ |
| ၂၄။ | မဟေသာပြည့်စုံ | Ygn- UG-0048 | ဘွဲ့ကြို | Engineering | University of Sydney | သြစတြေးလျ |

## သုံးခွမြို့ စာစစ်ဌာနမှ ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦး ထွက်ပေါ်

**သုံးခွ ဇွန် ၆**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ် စာစစ်ဌာနများတွင် ဇွန် ၆ ရက်က တစ်ပြိုင်နက်ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စာစစ်ဌာနမှ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၈၄ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၁၅၂ ဦးပေါ်ထွက်ခဲ့ကြောင်း သိရသည်။ တစ်မြို့နယ်လုံး အောင်ချက်ရာခိုင်နှုန်းမှာ ၃၇ ဒသမ ၈၁ ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## နတ်မောက်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ၄၂ ရာခိုင်နှုန်းကျော်

**နတ်မောက် ဇွန် ၆**

၂၀၁၅ခုနှစ် မတ်လအတွင်း ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၆ ရက် နံနက် ၅ နာရီကထုတ်ပြန်ကြေညာခဲ့ရာ နတ်မောက်မြို့နယ်၏ ကျောင်းသားကျောင်းသူများ အတွင်းဖြေ၊ အပြင်ဖြေ ၄၂ ဒသမ ၅၆ ရာခိုင်နှုန်း အောင်မြင်ကြောင်း သိရသည်။ **လှဝင်း**

# လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်(ယင်းမာ)၏ ပထမရက်သတ္တပတ်လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း









တိုင်းဒေသကြီး/ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့



ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့



တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့



ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့



ဆေးကုသရေးအဖွဲ့



သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထူးလုပ်ငန်းစီမံချက် (ယင်းမာ)ကို မူးယစ်ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၅)တွင် အတည်ပြုခဲ့ပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ အဆိုပါယင်းမာစီမံချက်ကို ၂၆-၅-၂၀၁၅ ရက်နေ့မှ ၂၆-၆-၂၀၁၅ ရက်နေ့အထိဆောင်ရွက်လျက်ရှိပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန် (၃)ဇုန်ခွဲ၍ ဆောင်ရွက်လျက်ရှိခဲ့ရာ မူးယစ်ဆေးဝါးဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် ပထမရက်သတ္တပတ်အတွင်း အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

**တိုင်းဒေသကြီး/ပြည်နယ်မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့**

(၁) မူးယစ်ဆေးဝါးအသိပညာပေး ဆောင်ဘုတ်စိုက်ထူခြင်း (၆)မြို့နယ်
(၂) အသိပညာပေးဟောပြောပွဲ (၄၉)ကြိမ်
(၃) လက်ကမ်းစာစောင် ဖြန့်ဝေခြင်း(၁၀)မြို့နယ်
(၄) တစ်ခန်းရပ်ပြဇာတ်တင်ဆက်ခြင်း(၁)မြို့နယ်

**ပြန်လည်ထူထောင်ရေးအဖွဲ့**

(၁) စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်လှစ်ခြင်း (၂)မြို့နယ်
(၂) မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေး ဟောပြောပွဲအခမ်းအနား ပြုလုပ်ခြင်း (၇)နေရာ

**သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့**

(၁) နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း(၂၄)မြို့နယ်
(၂) နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း(၁၀)ကြိမ်
(၃) သင်တန်းဖွင့်လှစ်ခြင်း(၈)မြို့နယ်

**ဆေးကုသရေးအဖွဲ့**

(၁) One Stop Service ဆေးကုသရေး ဆောင်ရွက်ခြင်း လူနာသစ် (၁၅)ဦးတက်ရောက်
(၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲ (၂)မြို့နယ်
(၃) မူးယစ်ဆေးစွဲလူနာများ မက်သာဒုန်းဆေးကုသမှုခံယူနေသူများအား အသည်းရောင် အသားဝါဘီပိုးစစ်ဆေးခြင်းနှင့်ကာကွယ်ဆေးထိုးနှံခြင်း (၃၁)ဦး
(၄) မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် HIV ပိုးကူးစက်မှုအန္တရာယ် ကာကွယ်ကုသရေး လုပ်ငန်းများ၊ လူထုလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း

**ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့**

(၁) နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှုပြုလုပ်ခြင်း (၁၀၆) မြို့နယ်
(၂) လက်ကမ်းစာစောင်ထုတ်ဝေမှု ပြုလုပ်ခြင်း (၁၀၆) မြို့နယ်
(၃) လက်ကမ်းစာစောင်ပြသမှု ကျင်းပခြင်း(၁၀၆)မြို့နယ်
(၄) ဓာတ်ပုံပြပွဲကျင်းပမှုပြုလုပ်ခြင်း (၁၀၆)မြို့နယ်
(၅) ဟောပြောပွဲကျင်းပမှုပြုလုပ်ခြင်း(၁၀၆)မြို့နယ်

**ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့**

(၁) ထိန်းချုပ်ဓာတုပစ္စည်းများ ကွင်းဆင်းစစ်ဆေးခြင်း (၃)မြို့နယ်
(၂) အသိပညာပေးဆွေးနွေးခြင်း(၈)မြို့နယ်

**တားဆီးနှိမ်နင်းရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့**

(၁) ဘိန်း(၂. ၃)ကီလို
(၂) ဘိန်းဖြူ(၁၀၄. ၉၄)ကီလို
(၃) စိတ်ကြွရူးသွပ်ဆေးပြား(၃၅၂၆၄၇) ပြား
(၄) ဆေးခြောက်(၀. ၁)ကီလို
(၅) အိုက်စ်(၀. ၀၅၂)ကီလို
(၆) ဘိန်းဆီခဲ(၁. ၄၄၈)ကီလို
(၇) အမှုပေါင်း(၁၂၂)မှု
(၈) တရားခံ (၁၇၅)ဦး

**မွေးမြူရေးအဖွဲ့**

(၁) တိရစ္ဆာန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်း (၉)မြို့နယ်
(၂) ဒေသတွင်း မွေးမြူထားရှိသော တိရစ္ဆာန်များကို အထူးကုအဖွဲ့များဖြင့် ကွင်းဆင်းကုသဆောင်ရွက်ခြင်း (၅)မြို့နယ်



ပြန်လည်ထူထောင်ရေးအဖွဲ့



ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့

# ကိုယ့်နိုင်ငံကမဟုတ်ဘဲနဲ့ အခြားဒေသက သူ့အကြောင်းနဲ့သူထွက်လာတဲ့ သူတွေကို ကျွန်တော်တို့ဘက်က လက်မခံနိုင်ပါဘူး၊ ဘယ်သူမှလည်း လက်ခံမှာမဟုတ်ဘူး။ မြန်မာနိုင်ငံကမှမဟုတ်ဘူး အချုပ်အခြာအာဏာပိုင်တဲ့ ဘယ်နိုင်ငံကမှ လက်ခံမှာမဟုတ်ပါဘူး

**ဦးထင်လင်း**

**မြန်မာနိုင်ငံက လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ယာယီကယ်ဆယ်ရေးစခန်း၌ ယာယီလက်ခံထားသည့် လှေစီးသွားလာသူများကို ၎င်းတို့ မိခင်နိုင်ငံများသို့ ပြန်လည်ပို့ဆောင်နိုင်ရန် နှစ်နိုင်ငံတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။**

**အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အထူးအစည်းအဝေးကို မေ ၂၉ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ရာ အစည်းအဝေးတက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၏ ပြောကြားချက်များကို ပြည်သူများထံ ပြန်လည်တင်ပြလိုက်ရပါသည်။**

**ဦးထင်လင်း**
**ခေတ္တညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်**
**စီးပွားရေးဦးစီးဌာန**

လှေစီးဒုက္ခသည်များဆိုတဲ့ အသုံးအနှုန်းက မမှန်ပါဘူး။ အမှန်က လှေစီးခရီးသွားလာသူများဖြစ်ပါတယ်။ လှေစီးခရီးသွားလာတဲ့သူတွေဆိုရာမှာလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိချက် အများစုကတော့ စီးပွားရေးအခွင့်အလမ်းအတွက် ပြည်ပကို ထွက်ခွာတဲ့သူတွေဖြစ်ပါတယ်။ အဲ့ဒီနောက်မှာပါတဲ့အချက်ကတော့ သူတို့စိတ်ဆန္ဒနဲ့သွားတဲ့သူရှိသလို တချို့ကျတော့ လူမှောင်ခိုဂိုဏ်းတွေရဲ့ ဖြားယောင်းသွေးဆောင်မှု၊ မမှန်မကန် မက်လုံးပေးမှုတွေကြောင့် သွားရောက်ပြီးတော့ ဆက်ပြီးသွားလို့မရတဲ့ အခြေအနေတစ်ခုကို ရောက်တဲ့အခါမှာ ပင်လယ်ထဲမှာ မျောနေကြတယ်။ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း ဒါကိုစိုးရိမ်တယ်။ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း မေ ၁၉ ရက်စွဲနဲ့ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ခဲ့ပါတယ်။ အဲ့ဒီထဲမှာဆိုရင် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ထပ်တူစိုးရိမ်တယ်၊ ပင်လယ်ထဲမှာမျောနေတဲ့လူတွေကို ကယ်တင်ဖို့အတွက် တရားမဝင်ထောက်ပံ့မှုတွေ မလုပ်ဖို့၊ မိမိပိုင်နက်ကို ဖြတ်သန်းပြီးတော့ တရားမဝင်ကူးသန်းသွားလာမှုတွေကို တားဆီးဖို့၊ အရေးယူဖို့ စတဲ့ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်သွားမယ်ဆိုပြီးထုတ်ပြန်ခဲ့ပါတယ်။

မေ ၂၉ ရက်မှာလုပ်တဲ့ ဗန်ကောက်အစည်းအဝေးနဲ့ပတ်သက်ရင်တော့ ကျွန်တော်တို့ ဒေသတွင်းနဲ့ အဖွဲ့အစည်းတွေအားလုံးပေါင်း ၁၇ နိုင်ငံ၊ ၁၇ ဖွဲ့ တက်ခဲ့ပါတယ်၊ တက်ရောက်တဲ့ ပထမဆုံးနေ့မှာပဲ UNHCR က ကိုယ်စားလှယ်က ဒီလှေစီးသွားလာသူများ ပြဿနာဟာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှာ ဖိနှိပ်ခွဲခြားဆက်ဆံမှုတွေရှိတဲ့အတွက် အစပြုတယ်၊ မြန်မာနိုင်ငံက ဇာစ်မြစ်ဖြစ်တယ်ဆိုပြီး မြန်မာနိုင်ငံက တာဝန်ယူရမယ်လို့ပြောတယ်။ အဲ့ဒီစကားပြောတဲ့အတွက် ကျွန်တော်တို့က ပြင်းပြင်းထန်ထန်ပဲ ပြန်လည်ချေပခဲ့ပါတယ်၊ လှေစီးသွားလာသူများ ဖြစ်ပေါ်လာမယ့်ကိစ္စကို မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂမျက်နှာစာမှာ ပြီးခဲ့တဲ့ အထွေထွေညီလာခံအတွင်းမှာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးကို ကျွန်တော်ကိုယ်တိုင်ပြောခဲ့ပါတယ်။ ဒေသတွင်းမှာ လူမှောင်ခိုကူးမှုတွေဖြစ်နေတယ်၊ အဲ့ဒီနောက်ကွယ်မှာ လူမှောင်ခိုကူးဂိုဏ်းတွေရှိနေတယ်၊ ဒါတွေကို နှိမ်နင်းဖို့အတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဘယ်လိုစဉ်းစားဆောင်ရွက်မလဲဆိုတာ မေးခဲ့ပါတယ်၊ အဲဒီလိုမေးခဲ့တဲ့အတွက် သူ့အနေနဲ့ UNHCR ရဲ့ လုပ်ပိုင်ခွင့်နဲ့ကတော့ သက်ဆိုင်ခြင်းမရှိဘူး၊ ဒါပေမယ့်လည်း တခြားသော ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းညှိနှိုင်းပြီး ကြိုးစားအဖြေရှာသွားပါမယ်လို့ ဖြေခဲ့ပါတယ်။

အဓိပ္ပာယ်ကတော့ လူမှောင်ခိုကူးကိစ္စတွေ ဒေသတွင်းမှာ ဖြစ်နေတယ်၊ ဒါတွေကို အရေးယူဖို့ လိုအပ်တယ်ဆိုတာကို မြန်မာနိုင်ငံက အစောကြီးကတည်းက ကုလသမဂ္ဂကို အသိပေးခဲ့ပါတယ်၊ ဒါပေမယ့် သူတို့အနေနဲ့ ဒီဟာက လူမှောင်ခိုကူးတွေကြောင့် ဖြစ်နေတယ်၊ သို့မဟုတ် ဘဝအခွင့်အလမ်းအတွက် ထွက်ခွာနေတဲ့သူတွေ ဖြစ်နေတယ်ဆိုတာကို လက်ခံဖို့ သံသယဖြစ်နေတယ်။ အဲ့ဒီအတွက် ကျွန်တော့်အနေနဲ့ ဒါတွေဟာ မြန်မာနိုင်ငံကို ပြစ်တင်ရှုတ်ချချင်တာ မလျော်ကန်ပါဘူး၊ အခုလက်ရှိတွေ့နေတဲ့ အချက်အလက်တွေအရဆိုရင် လှေစီးသွားလာသူအများစုဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဖြစ်တယ်ဆိုတာ ပေါ်နေပါပြီ။

ကျွန်တော် ဘယ်သူ့ကို ကိုးကားသလဲဆိုတော့ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးကနေ အင်ဒိုနီးရှား အာဏာပိုင်တွေရဲ့ ပြောကြားချက်ကို ကိုးကားပြီး ပြောထားတာရှိတယ်။ လှေစီးသွားလာသူအများစုက ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေပြီး အလုပ်အကိုင် အလို့ငှာ ရွှေ့ပြောင်းသွားလာသူတွေဖြစ်တယ်၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူတွေလည်းမဟုတ်ဘူး၊ ဒုက္ခသည်လည်း မဟုတ်ဘူး ဒီလို သူတို့ပြောတယ်၊ ဒါ့ကြောင့် မြန်မာနိုင်ငံကို တစ်ဖက်သတ်စွပ်စွဲပြီးတော့ ပြောနေတာ မမျှတဘူးဆိုတဲ့အချက်ကို ပြန်ထောက်ပြပြီး ချေပခဲ့ပါတယ်၊ အဓိကကတော့ မြန်မာနိုင်ငံမှာ ဖိနှိပ်ချုပ်ချယ်မှုတွေရှိနေတဲ့အတွက် ထွက်ပြေးသူတွေအများစုဖြစ်နေတယ်ဆိုတာက မမှန်ဘူးဆိုတာကို ချေပခဲ့တာဖြစ်ပါတယ်။

အစည်းအဝေးနဲ့ ပတ်သက်ရင်တော့ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့က အဓိက(၃)ချက် အဆိုပြုခဲ့ပါတယ်၊ နံပါတ်(၁)အချက်ကတော့ ဥပဒေတွေ တိုးမြှင့်လုပ်ဆောင်ဖို့၊ Law and Sea ကို ပင်လယ်ပြင်မှာ တိုးမြှင့်လုပ်ဆောင်သွားဖို့လိုတယ်၊ ကုန်းတွင်းပိုင်းမှာလည်း တိုးမြှင့်လုပ်ဆောင်သွားဖို့လိုပါတယ်၊ ဒါမှလည်း လူမှောင်ခိုကူးဂိုဏ်းတွေမှာ ပါဝင်ပတ်သက်သူတွေကို နှိမ်နင်းဖို့အတွက် တရားဥပဒေစိုးမိုးရေးကို တိုးမြှင့်စောင့်ရှောက်ဖို့ပြောခဲ့ပါတယ်၊ နောက်တစ်ချက်က မီဒီယာအပိုင်း တိုးမြှင့်ဆောင်ရွက်သွားဖို့လိုတယ်၊ အခြားနိုင်ငံတွေမှာရော လုပ်ဖို့လိုနေပါပြီ၊ ဘာတွေလုပ်ရမလဲဆိုတော့ လူမှောင်ခိုကူးတဲ့သူတွေကို ဒါမျိုးလုပ်ရင် ပြင်းပြင်းထန်ထန် အရေးယူခံရမယ်ဆိုတဲ့ Message ပေးဖို့လိုပါတယ်၊ ဥပမာအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းရှာချင်တဲ့သူတွေ၊ အဲဒီအုပ်စုတွေကို ဖြားယောင်းသွေးဆောင်တာမခံရအောင်၊ ဖြားယောင်းသွေးဆောင်တာခံရရင် ရောင်းစားခံရမယ်၊ ဒုက္ခရောက်မယ်၊ ပင်လယ်ထဲမှာ ဒုက္ခရောက်မယ်ဆိုတဲ့ Message ကို ဒေသတွင်း ပါဝင်ပတ်သက်တဲ့ နိုင်ငံတိုင်းက ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖို့လိုတယ်ဆိုတဲ့ အဆိုပြုချက် တင်သွင်းခဲ့ပါတယ်။ နောက်ဆုံး အဆိုပြုတဲ့အချက်က Information Sharing ပါ၊ လူမှောင်ခိုကူးဂိုဏ်းတွေကို နှိမ်နင်းတဲ့နေရာမှာ Intelligent information လိုအပ်ပါတယ်၊ လှေတွေနဲ့ ပတ်သက်ပြီးတော့လည်း ဘယ်နေရာမှာရှိတယ်၊ တွေ့တယ် စသဖြင့် Information Sharing ကို Focal Point တွေထောင်ပြီးတော့ လျင်လျင်မြန်မြန် သတင်းအချက်အလက်တွေ မျှဝေနိုင်မယ့်လုပ်ငန်းစဉ်ကိုလည်း ဆွေးနွေးခဲ့ပါတယ်၊ အဲ့ဒီအချက်တွေအားလုံး အစည်းအဝေးက ထုတ်ပြန်တာမှာ ပါပါတယ်။

ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့အစည်းအဝေးကို သွားတဲ့ ပင်မရည်ရွယ်ချက်ရှိပါတယ်၊ အစည်းအဝေးထဲမှာလည်းပြောတယ်၊ ရည်ရွယ်ချက်က လောလောဆယ် ပင်လယ်ထဲမှာမျောနေတဲ့ လူတွေကို ရှာဖွေကယ်ဆယ်ဖို့၊ အဓိကရည်ရွယ်ချက်က အဲ့ဒီအတွက်ကို ပူးပေါင်းဆောင်ရွက်ဖို့အနေနဲ့ သွားတာပါ၊ အဲ့ဒီလိုပြောခြင်းအားဖြင့် ကျွန်တော်တို့ဟာ ပင်ရင်းကို မစဉ်းစားဘူး၊ မတုံ့ပြန်ဘူး၊ မကိုင်တွယ်ဘူးလို့လည်း အဓိပ္ပာယ်မသက်ရောက်ပါဘူး၊ ကျွန်တော်ပြောခဲ့တာရှိပါတယ်၊ ပြည်တွင်းမှာ စိန်ခေါ်မှုတွေရှိတယ်၊ တချို့ကိစ္စတွေကို နိုင်ငံတကာက ဝင်ရောက်ပြီး ပြောဆိုတာတွေကို လက်မခံနိုင်ပါဘူး၊ ပြည်တွင်းကိစ္စတွေကို ဝင်ရောက်စွက်ဖက်တာ လက်မခံဘူး၊ ဒါပေမယ့်လည်း Family of the International Community မှာ တာဝန်သိတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ တာဝန်သိတဲ့ လုပ်ရပ်တွေလုပ်ပါတယ်၊ ဒါ့ကြောင့် ရှာဖွေကယ်ဆယ်ခြင်းကို လူသားချင်းစာနာထောက်ထားတဲ့ ရှုထောင့်ကနေ လုပ်ပါတယ်။

ဒါ့အပြင် ကိန်းဂဏန်းတွေကလည်းအများကြီးဖြစ်နေပါတယ်၊ UNHCR က ဘယ်လောက်၊ ဟိုဘက်က ဘယ်လောက်၊ ဒီဘက်ကဘယ်လောက် စသဖြင့် အဲဒီကိန်းဂဏန်းတွေ ဘယ်ကရလဲ၊ ဒီကိန်းဂဏန်းတွေက ဘယ် Information ကို အခြေခံလဲ အထောက်အထားနဲ့ပြပါ၊ မြန်မာနိုင်ငံက ရောက်လာတယ်ဆိုရင်ပြောပါ၊ ဘယ်နှယောက်ရောက်လဲ၊ အဲ့ဒီနေရာတွေသွားပြီး စစ်ဆေးမယ်၊ ကိုယ့်နိုင်ငံက အထောက်အထားမှန်ကန်တယ်၊ ခိုင်လုံတယ်ဆိုရင် ပြန်ခေါ်ဖို့ဝန်မလေးပါဘူး၊ အဆင်သင့်ရှိပါတယ်၊ ဒါပေမယ့်လည်း ကိုယ့်နိုင်ငံကမဟုတ်ဘဲနဲ့ အခြားဒေသက သူ့အကြောင်းနဲ့သူ ထွက်လာတဲ့သူတွေကိုတော့ ကျွန်တော်တို့ဘက်က လက်မခံနိုင်ပါဘူး၊ ဘယ်သူမှလည်း လက်ခံမှာမဟုတ်ဘူး။ မြန်မာနိုင်ငံကမှမဟုတ်ဘူး အချုပ်အခြာအာဏာပိုင်တဲ့ ဘယ်နိုင်ငံကမှ လက်ခံမှာမဟုတ်ပါဘူး။

ကျွန်တော်တို့သွားတဲ့ ရည်ရွယ်ချက်ကိုက ဒေသတွင်းနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်နဲ့ သွားတာပါ၊ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိ၊ မရှိကိုလည်း အစည်းအဝေးအဖွင့်မှာ ပြောခဲ့ပြီးဖြစ်ပါတယ်၊ အိမ်ရှင်ထိုင်းနိုင်ငံကိုလည်း ကျွန်တော်တို့ရဲ့ သဘောထားကို ပြောထားပြီးဖြစ်ပါတယ်၊ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ ပါဝင်လက်မှတ်ရေးထိုးထားတာတွေရှိပါတယ်၊ အဲ့ဒီလက်မှတ်ရေးထိုးထားတဲ့အထဲမှာ ပြဋ္ဌာန်းချက်တွေရှိပါတယ်၊ အဲ့ဒီပြဋ္ဌာန်းချက်တွေနဲ့အညီ တာဝန်သိတဲ့နိုင်ငံအနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်၊ ယာယီစောင့်ရှောက်ပေးတဲ့အပိုင်းမှာလည်း အတိုင်းအတာတစ်ခုအထိရှိပါတယ်၊ ကြာရှည် လက်ခံသွားဖို့ အစီအစဉ်တွေမရှိဘူးဆိုတာလည်း ပြောပြီးဖြစ်ပါတယ်၊ ကာယကံရှင်တွေကိုလည်း သက်ဆိုင်ရာနိုင်ငံတွေက စစ်ဆေးပြီးဖြစ်ပါတယ်၊ အဲ့ဒီကာယကံရှင်တွေကလည်း သူတို့ရဲ့နေရပ်ကို ပြန်ချင်နေပြီဖြစ်ပါတယ်၊ ပြည်သူတွေအနေနဲ့ ဘာမှ စိုးရိမ်ကြောင့်ကြမှုမရှိပါနဲ့လို့ ပြောချင်ပါတယ်၊ ကာယကံရှင်နိုင်ငံကိုက မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်တွေအပေါ် ရိုးသားစစ်မှန်တယ်လို့ လက်ခံခဲ့ပြီးဖြစ်ပါတယ်။



**ဦးထင်လင်း**
**ခေတ္တညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန**

> **မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ ပါဝင်လက်မှတ်ရေးထိုးထားတာတွေရှိပါတယ်၊ အဲ့ဒီလက်မှတ်ရေးထိုးထားတဲ့အထဲမှာ ပြဋ္ဌာန်းချက်တွေရှိပါတယ်၊ အဲ့ဒီပြဋ္ဌာန်းချက်တွေနဲ့အညီ တာဝန်သိတဲ့နိုင်ငံအနေနဲ့ ဆောင်ရွက်တာဖြစ်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးသွားလာသူများအား အမြန်ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**မောင်တော ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အရှေ့တောင်ဘက် ပင်လယ်ပြင်၌ လူသားချင်းစာနာထောက်ထားမှုဖြင့် ကယ်ဆယ်ခဲ့သည့် လှေစီးသွားလာသူ ၇၃၃ ဦးအနက်မှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများကို ၎င်းတို့ မူလလာရောက်ခဲ့သည့် နေရာသို့ အမြန်ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သောစိစစ်မှုများ ဆောင်ရွက်နိုင်ရန် လှေစီးသွားလာသူများ၏ အခြေအနေနှင့် စပ်လျဉ်း၍ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေး စိစစ်ရေးအဖွဲ့၊ အဖွဲ့ဝင် ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် စိစစ်ရေးအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန် မိုဟာမက်မဟာဘူဘာရာမန် ဦးဆောင်သောအဖွဲ့တို့သည် လှေစီး ခရီးသွားလာသူများအား ယာယီရွှေ့ပြောင်းထားရှိသည့် ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြို (လက်ဝဲ)မြို့အနီးရှိ မှတ်တိုင်(၁၇) စခန်းသို့ ယနေ့နံနက် ၁၀ နာရီခန့်တွင် သွားရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စစ်တွေမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန် ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးက ပေးပို့ထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးခရီးသွားလာသူများ၏ ကိုယ်ရေးအချက်အလက်များကို တိုက်ဆိုင်စစ်ဆေးခြင်း၊ နိုင်ငံသားမှန်ကန်မှု ရှိ/မရှိ မေးမြန်းစိစစ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ စိစစ်မှုများ ပြုလုပ်ပြီးပါက ၎င်းတို့ မူလလာရောက်သည့် နေရာများသို့ အမြန်ပြန်လည်လွှဲပြောင်းပို့ဆောင်နိုင်ရန် သံတမန်နည်းလမ်းနှင့် လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းထုတ်ပြန်

**မလှိုင်** - မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာဖြေဌာန(၅)ဌာန၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၄၇ ဦးရှိသည့်အနက် ၂၉၉၁ ဦး ဝင်ရောက်ဖြေဆိုရာ ၁၆၀၇ ဖြေဆိုအောင်မြင်ခဲ့သည်။ အောင်မြင်သူများတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၇၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၄၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၈၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၈၁ ဦး၊ ရရှိအောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၅၃ ဒသမ ၇၃ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၁၈ ခုနှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းမှာ ၅၀ ဒသမ ၈၅ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ်၌ ၂ ဒသမ ၈၈ ရာခိုင်နှုန်း တိုးတက်အောင်မြင်ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

**ရွှေကူ** - တက္ကသိုလ်ဝင်စာမေးပွဲကို ရွှေကူမြို့နယ်တွင် ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၁၃၉၂ ဦးဖြစ်ပြီး ၄၀၁ ဦးအောင်မြင်ခဲ့သဖြင့် အောင်ချက်ရာခိုင်နှုန်း ၂၈ ဒသမ ၈၁ ရာခိုင်နှုန်းအောင်မြင်ခဲ့သည်။ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၆၄ ဦး စုစုပေါင်း ဂုဏ်ထူးရကျောင်းသားကျောင်းသူ ၈၉ ဦးရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲ လှုပ်ရှားမှုပုံရိပ်များ




✻ ကျောဖုံးမှ

သန့်ဇင်ဦးက ဒုတိယနှင့် ဖိလစ်ပိုင်နိုင်ငံက တတိယဆုများ အသီးသီး ဆွတ်ခူးရရှိကြသည်။

ထို့ပြင် အမျိုးသားတစ်ဦးချင်း မီတာ ၁၀၀၀ ကရက်လှေပြိုင်ပွဲတွင် စင်ကာပူနိုင်ငံက ပထမ၊ ထိုင်းနိုင်ငံက ဒုတိယနှင့် မြန်မာနိုင်ငံမှ အောင်မျိုးသူက တတိယဆု ဆွတ်ခူးရရှိကြသည်။

**(သတင်းစဉ်)**



**ကနူးနှစ်ယောက်တွဲ ပြိုင်ပွဲသို့ တစ်ခဲနက် လာရောက်အားပေးသည့် မြန်မာပရိသတ်များကို တွေ့ရစဉ်။**

**စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲ ကနူးနှစ်ယောက်တွဲတွင် မြန်မာအသင်း အားကြိုးမာန်တက်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။**



## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက်ဆုရရှိမှုဇယား

၆-၆-၂၀၁၅

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | စင်ကာပူ | ၁၇ | ၁၁ | ၁၇ | ၄၅ |
| ၂ | ဗီယက်နမ် | ၁၃ | ၃ | ၁၁ | ၂၇ |
| ၃ | ထိုင်း | ၁၀ | ၁၄ | ၁၄ | ၃၈ |
| ၄ | အင်ဒိုနီးရှား | ၈ | ၈ | ၇ | ၂၃ |
| ၅ | မလေးရှား | ၃ | ၇ | ၁၁ | ၂၁ |
| ၆ | မြန်မာ | ၃ | ၄ | ၅ | ၁၂ |
| ၇ | ဖိလစ်ပိုင် | ၁ | ၅ | ၈ | ၁၄ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၁ | ၂ | ၄ |
| ၉ | လာအို | ၀ | ၃ | ၃ | ၆ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၃ | ၃ |
| ၁၁ | တီမောလက်စ်တေ | - | - | - | - |

## ဆီးဂိမ်း ဝူရှူးပြိုင်ပွဲတွင် စင်ကာပူက ရွှေတံဆိပ်နှစ်ခုဆွတ်ခူး

**စင်ကာပူ ဇွန် ၆**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲ၌ ဇွန် ၆ ရက်က ဝူရှူးအားကစားနည်းယှဉ်ပြိုင်ရာတွင် အိမ်ရှင်စင်ကာပူက ပထမ ရွှေတံဆိပ်နှစ်ခုရရှိသွားခဲ့သည်။ အမျိုးသမီး ဝူရှူးပြိုင်ပွဲတွင် ဗီရာတန်ကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ယွန်ရီဇီယန်ကလည်းကောင်း အသီးသီးရရှိခဲ့သည်။

အသက် ၁၇ နှစ်အရွယ် ဗီရာသည် **(ယာပုံ)** ရမှတ် ၉ ဒသမ ၆၉ မှတ်ဖြင့် ပထမရရှိသည်။ စင်ကာပူအနေနှင့် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ဝူရှူးအားကစားနည်းဖြင့် (ရွှေ-၁၊ ငွေ-၂ နှင့် ကြေး-၂)ဆုတံဆိပ်တို့ကို ရရှိခဲ့သည်။

**(မြန်မာ့အလင်း)**



## ခြင်းလုံးပြိုင်ပွဲ၌ စင်ကာပူနှင့်မလေးရှား ကြေးတံဆိပ်ပူးတွဲရရှိ

**စင်ကာပူ ဇွန် ၆**

(၂၈)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် စင်ကာပူခြင်းလုံးအသင်းသည် ဇွန် ၆ ရက်က ကျင်းပသည့် ပွဲစဉ်တွင် မလေးရှားအသင်းနှင့်အတူ ကြေးတံဆိပ်ဆုကို ပူးတွဲဆွတ်ခူးခဲ့သည်။ ကမ္ဘောဒီးယားက ပထမရ၍ လာအိုအသင်းက ဒုတိယရရှိခဲ့သည်။




# ပြည်တွင်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များ ကျင်းပ

**ရန်ကုန် ဇွန် ၆**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီး အားကစားသမားများပေါ် ထွက်လာစေရေးအတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်း အားပေးကူညီမှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီ အေက ကြီးမှူး၍ IBTC (International Beverages Trading Co.,Ltd.) မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ရန်ကုန်) ၏ တတိယနေ့ပွဲစဉ်များကို ဇွန် ၄ ရက်နံနက်က ရန်ကုန်မြို့ရှိ တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ) ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်း အပြီးတွင် Professional အဆင့် ပြိုင်ပွဲ၌ ဘိုဘို (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် သုံးချက် လျော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၂၁၃ ချက်ဖြင့် ပထမ၊ ဇော်ဇော်လတ် (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက် လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် ဒုတိယ၊ သိန်းဇော်မြင့် (Mizuno) က စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် တတိယလိုက်နေကြပြီး အပျော်တန်းအဆင့် ပြိုင်ပွဲတွင် ဇင်မင်းသူက စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ပထမ၊ ကျော်ကျော်က စုစုပေါင်း ရိုက်ချက် ၂၂၈ ချက်ဖြင့် ဒုတိယ၊ ကျော်သက်ဦးက စုစုပေါင်း ရိုက်ချက် ၂၃၀ ဖြင့် တတိယရရှိကာ အပျော်တန်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ခင်မာနွယ်က စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် ပထမ၊ ဝင့်ဖူးနဒီအောင်က စုစုပေါင်းရိုက်ချက် ၁၆၈ ချက်ဖြင့် ဒုတိယ၊ သင်းဝေခိုင်က စုစုပေါင်းရိုက်ချက် ၁၇၃ ချက်ဖြင့် တတိယလိုက်နေကြောင်း သိရသည်။

**ဖိုးသော်ဇင်**




# စီးပွား/ကူးသန်းဝန်ကြီးဌာန ဖွဲ့စည်းပုံနှင့် ကုန်သွယ်မှုလုပ်ငန်းများဆိုင်ရာ သတင်းစာရှင်းလင်း

**နေပြည်တော် ဇွန် ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဖွဲ့စည်းပုံနှင့် ကုန်သွယ်မှု လုပ်ငန်းများဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ဇွန် ၅ ရက်က အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ဝန်ကြီးဌာန၏ နောက်ခံသမိုင်းကြောင်းနှင့် ပြင်ဆင်ဖွဲ့စည်းခဲ့ရသည့် အခြေအနေများ၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့ရေး ဆောင်ရွက်နေမှု၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲဖြစ်နေသည့် အတားအဆီးများကို ဖြေလျှော့ပေးမှု၊ ပံ့ပိုးဆောင်ရွက်မှုနှင့် အသိပညာပေးရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ပြောကြားသည်။

ယင်းနောက် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးတို့က ဦးစီးဌာနအလိုက် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေမှု၊ စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်နေမှု၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်နေမှုနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စျေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းကြပြီး တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**



# (၂၈)ကြိမ်မြောက် ဆီးဂိမ်းအောင်နိုင်ရေး ရွှေတံဆိပ်ဆုရအားကစားသမားဟောင်းကြီးများ သွားရောက်အားပေး

**ရန်ကုန် ဇွန် ၆**

စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်သည့် အားကစားသမားများ စိတ်ဓာတ်ခွန်အား မြင့်မားရေးအတွက် တစ်ချိန်ကအရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ရွှေဆုတံဆိပ်များအောင်နိုင်မှုရခဲ့သည့် အားကစားသမားဟောင်းကြီးများက သွားရောက်အားပေးမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သိရသည်။

"ကျွန်တော်တို့အဖွဲ့ အခုလိုလိုက်ပြီးအားပေးတာကတော့ တစ်ချိန်က ကျွန်တော်တို့အဖွဲ့ အောင်မြင်မှုရရှိခဲ့သလို (၂၈)ကြိမ်မြောက် စင်ကာပူမှာကျင်းပနေတဲ့ ပြိုင်ပွဲတွေကို သွားရောက်ယှဉ်ပြိုင် ကစားနေတဲ့ အားကစားသမား မောင်မယ်တွေကို ရွှေရရှိအောင်မြင်စေချင်တဲ့ ဆန္ဒနဲ့ စိတ်ဓာတ်ခွန်အားတွေ သွားရောက်အားပေးမှာ ဖြစ်ပါတယ်။ အားလုံးကျွန်တော်တို့အဖွဲ့ရှစ်ဦးပါ။ ဒီရှစ်ဦးလုံးက တစ်ချိန်က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွေမှာ ရွှေအပါအဝင် ဆုတံဆိပ်မြောက်မြားစွာ ဆွတ်ခူးထားတဲ့ နိုင်ငံ့သူရဲကောင်းတွေ ဖြစ်ပါတယ်"ဟု တစ်ချိန်က မြန်မာ့ ဘောလုံးလောကတွင် နာမည်ကြီးထင်ပေါ်ခဲ့သည့် ဦးအေးမောင်ကြီးက ဇွန် ၅ ရက်နံနက် ၈ နာရီတွင် စင်ကာပူနိုင်ငံသို့မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြောကြားခဲ့သည်။

(၂၈)ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းတွင် သွားရောက်ယှဉ်ပြိုင်ကစားမည့် အားကစားသမားများအား နိုင်ငံကိုယ်စားပြုရွှေတံဆိပ်ဆု အောင်မြင်မှုရရှိရေး စိတ်ဓာတ်ခွန်အား သွားရောက်ပေးမည့် မြန်မာ့အားကစားသူရဲကောင်းကြီးများမှာ တစ်ချိန်က မြန်မာနိုင်ငံဘောလုံးအသင်းကြီးမှ ဦးအေးမောင်ကြီး၊ ကိုးတင်အောင်၊ ပြေးခုန်ပစ်မှ ဗိုလ်ကြီးခင်စိုး၊ ဗိုလ်ကြီးကိုကို၊ မြန်မာနိုင်ငံသံလုံး/သံပြားပစ်အဖွဲ့မှ ဂျနီဖာတင်လေး၊ တင်းနစ်မှ ဦးမောင်မောင်လေး၊ ဂျူဒိုမှဒေါ်ခင်မူမူနှင့် ပြေးခုန်ပစ်မှ ဒေါ်မာမာမင်းတို့ဖြစ်ကြသည်။

စင်ကာပူနိုင်ငံသို့ မြန်မာကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်နေသည့် အားကစားနည်း ၃၃ မျိုးမှ အားကစားမောင်မယ်များအား သွားရောက်အားပေးသည့် ရွှေတံဆိပ်ဆုရ မြန်မာ့အားကစားလက်ရွေးစင် အားကစားသမားဟောင်းကြီးများမှာ အားကစားဝန်ကြီးဌာန၏ အကူအညီဖြင့် သွားရောက်အားပေးကြခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းခေတ်**
**ဓာတ်ပုံ-မိုးမခ**

## လက်ထပ်ပြီးစီးခြင်း

နေပြည်တော်နေ
ဗိုလ်မှူးမြင့်မောင်ကျော်(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-
ဒေါ်မြင့်မြင့်ဆွေ အလယ်တန်းပြ ဆရာမ(ငြိမ်း)တို့၏ တစ်ဦးတည်းသောသား၊
ကိုစိုင်းမြတ်မင်းထွန်း-မမေသူကျော် (ပြည်သာယာစတိုး)၏ မောင်၊ မနွယ်နီကျော် (အထက်တန်းရှေ့နေ)၏ အစ်ကို

**ဒုတိယရဲမှူးကြီး အောင်ထွဋ်ကျော် @Jack**
**B.Sc (D.S.A)**
**ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးရဲတပ်ဖွဲ့**
**နှင့်**

ရန်ကုန်မြို့နေ
ဦးတင်ဝင်းအောင်-ဒေါ်သန်းသန်းရွှေတို့၏သမီးကြီး၊
မောင်နေလင်းအောင်-မဇာခြည်လွင်(အောင်ဇေယျာမင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)၏အစ်မ

**မမေဝင်းအောင် @ Xin Xin**
**Bachelor of Business Administration (BBA, YIE)**
**Diploma in Accounting (LCCI, UK)**
**Diploma in Computerized Accounting (LCCI, UK)**
**Graduate Diploma in Human Resource Management, Candidate (ABE, UK)**
**Executive Master Of Public Administration (First Year, YUEco)**
**Human Resources Manager (AungEmerald Co.,Ltd.)**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၆-၆-၂၀၁၅ရက်တွင် Sedona Hotel (Ahlone Room) ၌ တရားသူကြီး ဒေါ်မို့မို့အောင်ရှေ့မှောက်တွင် တရားဝင်လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒုတိယရဲမှူးကြီးအောင်ထွဋ်ကျော်-မမေဝင်းအောင်**
**(Jack & Xin Xin)**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတွက် ရုံးသုံးပရိဘောဂပစ္စည်း (၅)မျိုးအား ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးဖွင့်ရက်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့် နည်းပညာဌာန၊ ပစ္စည်း(၁)ဌာနစိတ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၆-၆-၂၀၁၅ရက်၊ ၉:၃၀နာရီမှ ၁၆:၃၀နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့် နည်းပညာဌာန(နေပြည်တော်)သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)
၄။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ၀၆၇-၄၁၈၃၆၈သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၁၇၄၉ အမည်ပေါက် ဦးချစ်ဦး၏မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကျော်မြင့် ၁၂/လသန(နိုင်)၀၀၀၃၂၄က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ် မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရာသက်ပန်အသင်းဝင်ကတ်(ကြီး/သေး)၊ ရင်ထိုးတံဆိပ်၊ နှစ်ပတ်လည်အစီရင်ခံစာ၊ နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်း၊ သတင်းလွှာ(၄လတစ်ကြိမ်)နှင့် ၂၀၁၆ ခုနှစ်အတွက် အသင်းပြက္ခဒိန်နှင့် မဂ္ဂဇင်းစာအုပ်များ ရိုက်နှိပ်ထုတ်ဝေရန်အတွက် တင်ဒါများသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ (က) **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၈-၆-၂၀၁၅ ရက်မှ ၁၂-၆-၂၀၁၅ ရက်အထိ
(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၉-၆-၂၀၁၅ ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ညနေ ၄:၀၀ နာရီ
(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၊ သုခမလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**
**ဖုန်း-၀၆၇-၄၁၉၀၁၂၊ ၄၁၉၀၁၁၊ ၄၁၉၀၀၂**

## CLAIMS DAY NOTICE
## M.V HOEGH CHENNAI VOY:NO(13)

Consignees of cargo carried by M.V HOEGH CHENNAI VOY: NO. (13) are here by notified that the vessel will arrive on about 9-6-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဖခင်အမည်မှန်

အထက(၂) မရမ်းကုန်း၊ သတ္တမတန်း(A)မှ မဆုထက်အောင်၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆန်း ၁၂/လကန (နိုင်) ၀၁၆၂၀၉ ဖြစ်သည်။

**ဦးခင်မောင်ဆန်း**

## ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်မိုးသီတာ ၁၂/ဒဂမ(နိုင်)၀၀၂၉၄၄၊ အမှတ် (၁၁၉၆-ဘီ)၊ မြဝတီမင်းကြီး (၂) လမ်း၊ (၅၁) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၏ သွင်းကုန်ပါမစ်မူရင်းအမှတ် (ISP IDV8 15-16 2260 28/04/15) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၃၄၀၆၈၊ ၀၉-၇၈၅၁၃၄၀၆၈**

## ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော် ဦးခင်ထွေး ၁၂/သကန(နိုင်)၀၃၀၁၉၆၊ အမှတ် (၁၉-အေ)၊ (၅၁) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၏ သွင်းကုန်ပါမစ်မူရင်းအမှတ် (ISP IDV8 15-16 2261 28/04/15) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၃၄၀၆၈၊ ၀၉-၇၈၅၁၃၄၀၆၈**

## ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်မဒေါ်တုတ် ၇/မလန(နိုင်)၀၂၆၂၇၃၊ အမှတ်(၂၉၀)၊ ခေမာဝတီလမ်း၊ (၅၁) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၏ သွင်းကုန်ပါမစ်မူရင်းအမှတ် ISP IDV8 15-16 2259 28/04/15 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၃၄၀၆၈၊ ၀၉-၇၈၅၁၃၄၀၆၈**

## သွေးသည်အသက်

# အလင်းစွမ်းအင်ဆိုင်ရာ နည်းပညာများသည် အာဆီယံ၏ဈေးကွက်တစ်ခုဖြစ်လာမည်

**ရန်ကုန် ဇွန် ၆**

နေအိမ်များနှင့် စက်မှုလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အား အသုံးပြုမှုကို လျှော့ချပေးနိုင်မည့် LED မီးများအပါအဝင် လျှပ်စစ်စွမ်းအင်ကိုချွေတာသည့် အလင်းရောင်ဆိုင်ရာ နည်းပညာများသည် အာဆီယံဒေသအတွင်း အားကောင်းသည့် ဈေးကွက်တစ်ခုဖြစ်လာနိုင်ကြောင်း ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ဇွန် ၄ ရက်တွင် ကျင်းပသည့် စီးပွားရေးကဏ္ဍများအတွက် လျှပ်စစ်စွမ်းအင်ထောက်ပံ့ရေးဆွေးနွေးပွဲမှ သိရသည်။

“LED က လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ဝန်းကျင်လောက်ကတည်းက နည်းပညာသစ်တစ်ရပ်အနေနဲ့ သိရှိလာခဲ့ကြတယ်။ သူ့ရဲ့တိုးတက်မှုကြောင့် အခြားအလင်းရောင်အရင်းမြစ်တွေအစား ပြည်သူတွေထဲမှာ ပိုပြီးဝင်ရောက်လာနိုင်ခဲ့တယ်။ LED ဈေးကွက်ကြီးထွားလာတာနဲ့အတူ အလင်းနည်းပညာတိုးတက်ရေးက လာမယ့် ၅ နှစ်ကနေ ၁၀ နှစ်အတွင်းမှာ အာဆီယံအတွင်းမှာကို အားကောင်းတဲ့ဈေးကွက်တစ်ခုဖြစ်လာဖို့ ရှိပါတယ်။ အာဆီယံက ကမ္ဘာပေါ်မှာရှိတဲ့ အကြီးမားဆုံးဈေးကွက်သုံးခုထဲက တစ်ခုပါ။ အလင်းပိုင်းဆိုင်ရာ နည်းပညာတိုးတက်မှုတွေရရှိလာရင် အာဆီယံဒေသတွင်းမှာရှိကြတဲ့ နိုင်ငံတွေရဲ့ အများပြည်သူပို့ဆောင်ရေး၊ စက်ရုံ၊ အိမ်တွေနဲ့ စီးပွားရေးအဆောက်အအုံတွေကို ပိုတိုးတက်လာအောင် တည်ဆောက်လာနိုင်မယ်” ဟု ထိုင်းနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုင်းလုပ်ပိုင်ခွင့်ရှိသောအဖွဲ့ PEA မှ ဒုတိယ ဥက္ကဋ္ဌ Mr.Niwat Chayakul က ဆွေးနွေးပွဲတွင် ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍသည် တဖြည်းဖြည်း တင်းကျပ်မှုလျော့နည်းလာနေသဖြင့် ကုန်ထုတ်လုပ်ငန်းများအနေဖြင့် ထုတ်ကုန်များကို ပိုမိုထုတ်လုပ်ရန် ကြိုးစားသင့်ပြီး ၎င်းတို့နှင့် လက်တွဲလိုပါကအသင့်ရှိနေကြောင်း၊ ယခုဆွေးနွေးပွဲသည် မြန်မာပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မီးအလင်းရောင်ထုတ်လုပ်သည့် စက်ရုံများမှ ဝန်ထမ်းများအတွက် အကျိုးရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**“တတ်အားသရွေ့သဘာဝအလင်းရောင်သုံးမယ်၊ လျှပ်စစ်မီးသီးသုံးစွဲမှုလျှော့ချမယ် စတဲ့အချက်တွေကို စနစ်တကျလိုက်နာရင် မီတာခသက်သာသလို စွမ်းအင်ချွေတာရာလည်းရောက်ပါတယ်”**

“မြန်မာပြည်မှာ လျှပ်စစ်စွမ်းအင်ကို လက်ရှိသုံးစွဲနေတဲ့ နည်းပညာက တချို့နေရာတွေမှာ တော်တော်လေးဟောင်းတဲ့ နည်းပညာတွေဖြစ်နေတာတွေ့ရတယ်။ လျှပ်စစ်စွမ်းအင်ကို ပုံမှန်သုံးတဲ့နေရာ၊ သုံးစွဲမှုများတဲ့နေရာနဲ့ လျှပ်စစ်စွမ်းအင်မရှိတဲ့နေရာတွေ အစရှိသဖြင့်ကွာဟနေတာတွေ တွေ့ရတယ်။ နည်းပညာသစ်တွေ လုပ်ဆောင်ဖို့လိုအပ်နေပါသေးတယ်။ LED ၊ ဆိုလာစနစ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ အလိုအလျောက် မီးပိတ်ဖွင့်တဲ့ Sensor စနစ်တွေ ဖွံ့ဖြိုးမလာခင်မှာတော့ တတ်အားသရွေ့ သဘာဝအလင်းရောင်သုံးမယ်၊ လျှပ်စစ်မီးသီးသုံးစွဲမှု လျှော့ချမယ် စတဲ့အချက်တွေကို စနစ်တကျလိုက်နာရင် မီတာခသက်သာသလို စွမ်းအင်ချွေတာရာလည်း ရောက်ပါတယ် ” ဟု အဆိုပါဆွေးနွေးပွဲ တက်ရောက်လာသည့် ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



ဆွေးနွေးပွဲတွင် လျှပ်စစ်စွမ်းအင်၏ ဦးတည်ရာများ၊ ကုန်ထုတ်လုပ်ငန်းများတွင် အကျိုးအမြတ် ပိုမိုရရှိစေရန်အတွက် စွမ်းအင်သက်သာစေသော ပစ္စည်းများကိုအသုံးပြုခြင်း၊ မြန်မာနိုင်ငံနှင့် အာဆီယံစီးပွားရေးအဖွဲ့အစည်းများတွင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု ချိုင့်သုံးသပ်ခြင်း စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး စိတ်ပါဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

---

# ကွန်ကရစ်လမ်းသစ်များ ဖွင့်လှစ်

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက မေလအတွင်း ခင်းပေးခဲ့သော မာန်ပြေ(၅)လမ်း၊ ရန်ပြေ(၃)လမ်းနှင့် ရန်ပြေ(၄)လမ်း ကွန်ကရစ်လမ်းသစ်များဖွင့်ပွဲကို ဇွန် ၆ ရက်တွင် ကျင်းပခဲ့သည်။

လမ်းသစ်များကို သာကေတမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။




လမ်းသစ်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ခင်းပေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ယခင်က လမ်းမကြီးများကို ကွန်ကရစ်ခင်းပေးခဲ့ပြီးနောက် ယခုအခါ ရပ်ကွက်တွင်းလမ်းတိုများကိုပါ ကွန်ကရစ်ခင်းပေးလျက်ရှိကာ လူသွားလူလာများပြီး လမ်းပျက်စီးယိုယွင်းမှု အဖြစ်များသောလမ်းများကို အဓိကထား၍ ခင်းပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး ခရိုင်လေးခုလုံးအတွင်း မြို့နယ်များမှ ရပ်ကွက်များတွင် ခင်းပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ကျန်ရှိသော လမ်းများကိုလည်း ကွန်ကရစ်ဆက် ခင်းပေးသွားမည်ဖြစ်ရာ ကွန်ကရစ်ခင်းရန်အတွက် မြေကြီးပြင်ဆင်ခြင်းနှင့် ကျောက်ကြမ်းခင်းခြင်းများကို ရပ်ကွက်များမှပြည်သူများက ကြိုတင်ဆောင်ရွက်ထားကြသည်ကိုလည်း တွေ့ရသည်။

**သတင်း-ကြံတိုင်းအောင်**
**ဓာတ်ပုံ-သဏ္ဍ**

---

# ဖိလစ်ပိုင်၌ကျင်းပမည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဆွေးနွေးပွဲတက်ရန် မြန်မာလူငယ်လေးဦး ရွေးချယ်ထား

**ရန်ကုန် ဇွန် ၆**

အများပြည်သူသုံး သယ်ယူပို့ဆောင်မှုစနစ်ပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ရာတွင် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်၏ စိန်ခေါ်မှုများအတွက် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အာဆီယံ၏ တွေးခေါ်မှုဆိုင်ရာ (၁၃)ကြိမ်မြောက် ဆွေးနွေးပွဲသို့ Hitachi Young Leader Initiative(HYLI) မြန်မာနိုင်ငံမှ လူငယ်လေးဦးကို သွားရောက်ဆွေးနွေးရန် ရွေးချယ်ထားကြောင်း သိရသည်။

HYLI ဆွေးနွေးပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဇူလိုင် ၂၇ ရက်မှ ၃၀ အထိ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် မြန်မာလူငယ်များအနေဖြင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် အခြေအနေများကို အာဆီယံနိုင်ငံများမှ လူငယ်အချင်းချင်းသာမက အတွေ့အကြုံရင့်ကျက်ပြီး ထင်ရှားသည့် ပုဂ္ဂိုလ်များနှင့်ပါတွေ့ဆုံပြီး အမြင်ဖလှယ်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ HYLI ဆွေးနွေးပွဲသည် သွားရောက်ဆွေးနွေးမည့် လူငယ်များအတွက် ကမ္ဘာ့ရေးရာများဆိုင်ရာ သဘောထားအမြင်များကိုပါ ကျယ်ပြန့်စေမည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ သွားရောက်ရန်ရွေးချယ်ထားသည့် လူငယ်များက သွားရောက်မည့်အစီအစဉ်နှင့်ပတ်သက်၍ မီဒီယာများအား တွေ့ဆုံရှင်းလင်းပွဲကိုလည်း ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ဇွန် ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများသည် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ မလုံလောက်ခြင်းကို ကြုံတွေ့နေရသဖြင့် အဆိုပါအခက်အခဲများကို နိုင်ငံအလိုက် ဖြေရှင်းသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ အခြေခံအဆောက်အအုံများဖြစ်သည့် ကားလမ်း၊ ရထားလမ်း၊ လေယာဉ်ကွင်းနှင့် ဆိပ်ကမ်းများအတွက် အမေရိကန်ဒေါ်လာ ၂၉၆ ဘီလီယံခန့် သုံးစွဲရန် စီစဉ်ထားရာ မြန်မာလူငယ်များအနေဖြင့် အဆိုပါနိုင်ငံများ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများနှင့် ဖြေရှင်းပုံနည်းလမ်းများကို လေ့လာဆွေးနွေးနိုင်မည်ဖြစ်သည်။

**မောင်အာကာ**

---


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကရင်ပြည်နယ်အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် အမှတ်(၂) ဘားအံမူလတန်းကြိုကျောင်း ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- (၁၅၀×၃၀×၁၁)ပေ တစ်ထပ် RC ကျောင်းဆောင်ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာ အပါအဝင်) နှင့်
  (၂၀×၁၅×၁၁)ပေ မီးဖိုချောင်အပါအဝင် (၄၀×၂၆×၁၁)ပေ RC ကလေးထမင်းစားဆောင် ဆောက်လုပ်ခြင်း

၂။ စိတ်ဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် ဆောက်လုပ်မည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ကရင်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ အထက(၁) ကျောင်းလမ်း၊ ဘားအံမြို့ (ဘားအံမူလတန်းကြိုကျောင်းဝင်း)သို့ လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၅ ရက်
**တင်ဒါပုံစံရောင်းချမည့်နောက်ဆုံးရက်** - ၃၀-၆-၂၀၁၅ ရက်

၄။ အသေးစိတ်အချက်များအား သိရှိလိုပါက ဖုန်း-၀၅၈-၂၁၀၆၃၊ ပြည်နယ်လူမှုဝန်ထမ်းရုံး ဘားအံမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ကြီးကြပ်ရေးကော်မတီ**



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | 80 KVA Generator | 1 No |
| (ခ) | 20 KVA Generator | 1 No |
| (ဂ) | Exhaust Duct System for NPM, Packing Room & BCD | 1 No |
| (ဃ) | PABX System Phase II | 1 No |
| (င) | Home Elevator (4 Persons, 300 kg) | 2 Nos |
| (စ) | 11 KVA Transformer VCB Panel Full Wave Voltage (75 KV) Type-VBM 4-12 | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၊ စက်မှုအင်ဂျင်နီယာဌာနစိတ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၆-၆-၂၀၁၅ ရက် ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန (နေပြည်တော်)သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၆၇-၄၁၈၂၉၃ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။



## (၆၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်ဖေဖေ ဦးကျင်မင်း လ/ထညွှန်ကြားရေးမှူး(အငြိမ်းစား) ပြည်သူ့လွှတ်တော်ရုံး၊ ချစ်မေမေ ဒေါ်ခင်ကျင်တို့၏ ၆-၆-၂၀၁၅ ရက်တွင် ကျရောက်သော (၆၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများနှင့်အတူ နဝရတ်ရတုတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွဲနိုင်ပါစေ။

**ချစ်သား ချစ်သမီးများ**
**ဦးစိုးနိုင်-ဒေါ်ယဉ်ယဉ်စန်း**
**ဒေါ်ခင်ကြူကြူ (လ/ထသရုပ်ပြ-ငြိမ်း)၊**
**အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း**
**ဦးစိုးမင်း**
**ဒေါ်ခင်ခင်ဝင်း(Sure Beauty Saloon )-ဦးဝင်းကြည်**
**ဦးစိုးလင်း**
**ဒေါ်ခင်ခင်ထွေး-ဦးသန့်စင်(Uniteam Marine)**
**ချစ်မြေးများ**
**မောင်စိုးသိုက်အောင်(Uniteam Marine)**
**မသဇင်စိုးစံ(National Heart Centre Singapore)**
**မောင်ရဲထက်ဖြိုး[Second Officer (F-G) Uniteam Marine]-မနန်းရှန်ခမ်း**
**မောင်စိုးသက်တိုး(MRTV-4)**
**မောင်ဟိန်းကိုကိုစိုး(VIP-Car Accessories, Car Sticker BC Lubricant)**
**မောင်ညီလင်းသန့်**



## ပျောက်ဆုံးကြောင်း

၂၀ ရာစု ပညာရေးဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ၅၇/၂၀၁၂-၂၀၁၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၃၁၆၉၈၃၅၈



## အမည်ပြောင်း

ဦးစိုးမိုးကျော်၏သား အကထ (၂) ကမာရွတ် နဝမတန်း(C) မှ မောင်သူရိန်ကျော်လင်းအား မောင်သူရိန်ကျော်ဇောဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သူရိန်ကျော်ဇော**



## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျားမောင်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်) ၆/မအရ(နိုင်)၀၃၁၃၃၂ ၏ MARK II Saloon 4E/6428 မော်တော်ယာဉ်လိုင်စင်နှင့် စာရွက်စာတမ်းများသည် ကျွန်တော်၏မြေးဖြစ်သူ မောင်ရဲလင်း ကားဆေးပြီးအပြန် ပျောက်ဆုံးသွားပါသဖြင့် လက်ခံရရှိထားသူမှ ပြန်လည်ပေးအပ်ပါက ကျေးဇူးဆပ်ပါမည်။ အကယ်၍ ပိုင်ရှင်မသိရှိဘဲ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်းများ ပြုလုပ်ထားပါက တရားဥပဒေအရ အရေးယူပါမည်။

**ဖုန်း-၀၉-၅၀၁၉၀၆၆၊ ၀၉-၈၇၆၉၃၃၅**

# ဘက်စုံအသုံးဝင်သည့် အညာကုက္ကို စိုက်ပျိုးကြစေလို

ဒေါက်တာစန်းဝင်း(သစ်တောတက္ကသိုလ်)

မိုးဦးကျ လေဦးကျ အခါမို့ မိုးလေတို့ တိုက်ခတ်မှုကြောင့် အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုလေးတွေ ကြားသိနေရပါတယ်။ မိုးလရာသီစခဲ့ပြီမို့ သတ္တလောက ရှင်သန်ဖို့ အဘက်ဘက်ကနေ အကျိုးပြုတဲ့ သစ်ပင်၊ ဝါးပင်များ စိုက်ပျိုးရာသီလည်း မကြာမီ ရောက်လာတော့မှာပါ။

အခုတစ်ကြိမ် ရေးသားလိုတာကတော့ ရာသီဥတုပြောင်းလဲခြင်း ဒဏ်ကိုလည်း ကြံ့ကြံ့ခံနိုင်ပြီး နေဖို့ ထိုင်ဖို့အပြင် စားရေးသောက်တာကိုပါ အကျိုးပြုမယ့် အပင်မျိုးတွေ ယခုမိုးရာသီမှာ ရွေးချယ်စိုက်ကြဖို့ အသိပေး တိုက်တွန်းရေးသားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အကြီးမြန်လို့ဆိုပြီး ယူကလစ်၊ မန်ဂျီယံရှား (မလေးရှား ပိတောက်လို့လည်း အရပ်ခေါ်ဝေါ်ပါတယ်) အော်ရီရှားတို့ကို စိုက်ခဲ့ကြတာ နေရာအနှံ့ပါပဲ။ ဒါပေမယ့် ယခုလို မိုးဦး၊ လေဦးကျတဲ့အခါ အဲ့ဒီအပင်တွေက သိပ်ပြီး လေဒဏ်မခံနိုင်ဘူး။ ရန်ကုန်-မန္တလေး အမြန်လမ်းသစ်ကြီးတစ်လျှောက်မှာ စိုက်ထားတဲ့ အပင်တွေအနက် မြန်မာကုက္ကိုကမလဲဘဲ မန်ဂျီယန်ရှားပင် တော်တော်များများ (မိုင်တိုင် ၁၇၅-၁၈၅ခန့်) ဟာ လေပြင်းဒဏ်ကြောင့် ကိုင်းကျိုးတာ လဲပြိုသွားတာ တွေ့ခဲ့ရပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ မြန်မာကုက္ကိုက Deep-Rooted အပင်မျိုးဖြစ်လို့ လေပြင်းဒဏ်ခံနိုင်တာပါ။ မြန်မာကုက္ကိုကို (အချို့က အညာကုက္ကို၊ အချို့က စားကုက္ကို) လို့ ခေါ်ကြပြီး ရုက္ခဗေဒ အမည်ကတော့ Albizzia Lebbek လို့ခေါ်ပါတယ်။ Mimosaceae မျိုးရင်းဝင်ပင် ဖြစ်ပါတယ်။

ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးမှာ ပေါက်ရောက်နေတဲ့ ကုက္ကိုပင်ကို သဘော်ကုက္ကိုဟု အရပ်ခေါ်ဝေါ်ကြပြီး ရုက္ခဗေဒအမည်မှာ Samanea Saman ဖြစ်ပါတယ်။ သဘော်ကုက္ကိုရဲ့ အရွက်မှာ စားမရပါ။ အသီးကိုမူ ကျွဲ၊ နွား၊ ဆိတ်များ အစားအစာအတွက် ကျွေးနိုင်ပါတယ်။

**မြန်မာကုက္ကိုရဲ့ထူးခြားချက်များ (ကောင်းမွန်သောအချက်များ)**

မြန်မာကုက္ကိုရဲ့ ထူးခြားချက်ကတော့ အထက်ဖော်ပြပါအတိုင်း မြေကြီးထဲ အမြစ် နက်ရှိုင်းစွာ ပေါက်ရောက်လို့ အလွယ်တကူ မလဲပြိုနိုင်ပါဘူး။ (မိုးဦးကျ လေဦးကျ စိတ်ချရတယ်ပေါ့) ဒုတိယအချက် အပင်က ပေ ၆၀- ၇၀ လောက်အထိ ကြီးထွားပြီး အပင်အမြင့်နဲ့လိုက်ပြီး လုံးပတ်ကြီးထွားလာခြင်းကြောင့် တောင့်တင်းခိုင်မာတဲ့ သစ်ခွဲသား ထုတ်လုပ်လို့လည်းရပါတယ်။ အိန္ဒိယနိုင်ငံမှာဆို သစ်သားအတွက်နဲ့ တိရစ္ဆာန်များ အစာရဖို့ရည်ရွယ်ပြီး အညာကုက္ကိုစိုက်ခင်းများ ထူထောင်ကြတယ်လို့ သိရပါတယ်။

အညာကုက္ကို သစ်သားထွက်ရှိမှုမှာ မှတ်တမ်းများအရ တစ်နှစ် တစ်ဧကလျှင် ၂ ကုဗမီတာ (၁ ဒသမ ၄)တန် ထွက်ရှိကြောင်း သိရပါသည်။ နောက်တစ်ချက်က အညာကုက္ကိုကို အိန္ဒိယနိုင်ငံမှာ ဆိတ်၊ သိုးများအတွက် အစာရေစာအဖြစ် စိုက်လေ့ရှိရာ အစာ(အစို) ၁ နှစ် ၁ဧကလျှင် ၆၀၀ ကီလိုအထိထွက်ရှိပြီး လေကာတန်းအနေဖြင့်စိုက်ပြီး တစ်နှစ် နှစ်ကြိမ် အရွက်များ ခုတ်ယူစုသိမ်းပါက ကီလို ၁၀၀၀ အထိ ရရှိနိုင်ကြောင်း သိရပါတယ်။ Puerto Rico မှာတော့ ၁ ဧက အပင် ၆၀၀ နှုန်း၊ ၁၀၀၀နှုန်း၊ ၁၄၀၀ နှုန်းအထိ သစ် အတွက် လောင်စာအတွက် စသဖြင့် ရည်ရွယ်ချက်ပေါ်မူတည်ပြီး အပင်အရေအတွက် အမျိုးမျိုး စိုက်လေ့ရှိကြပါတယ်။ စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာမှာ အရွက်ကို တိရစ္ဆာန်များ စတင်ကျွေးနိုင်ကြောင်း၊ ဩစတြေးလျ သုတေသနအရ သိရှိရပါတယ်။ အခြားအရွက်များကဲ့သို့မဟုတ် အညာကုက္ကိုရွက်မှာ Tannin ဓာတ်နှင့် အဆိပ်အတောက်များ ကင်းရှင်းလို့ လူရော တိရစ္ဆာန်ပါ စားဖြစ်ပါတယ်။

သစ်သားကို ရှေးမြန်မာတို့က တံခါးဆန်အနေနဲ့ သုံးပါတယ်။ အကြောယှက်လွန်းလို့ ပုဆိန်နဲ့ ထုဖွင့်သော်လည်း အလွယ်တကူ မကွဲနိုင်လို့ တံခါးဆန်အနေနဲ့ သုံးကြတာပါ။ ပင်စည်ကိုတော့ သစ်အပြင် ရှေးအခါ က ဆီကြိတ်ဆုံအနေဖြင့်သုံးကြပါတယ်။ ယခုအခါ သင်းဝင်၊ ယင်းတိုက်၊ ယမနေသစ်များ ရှားပါးလာတော့ ပန်းပုထုသူများဟာ အညာကုက္ကိုကို အသုံးပြုပြီးပန်းပုထုလုပ်လာကြပါပြီ။ ဒါ့ကြောင့် သစ်အသုံးဝင်မှုကလည်း ကျယ်ပြန့်ပါတယ်။ တူရိယာပစ္စည်းများမှာလည်း သုံးကြောင်း သစ်တောသုတေသန လူသုံးနဲ့သစ်မျိုးသုတေသနမှာ ဖော်ပြထားပါတယ်။ သစ်မျိုးခွဲခြားခြင်းမှာလည်း သစ်မာအုပ်စု ငါးခုအနက် အုပ်စု(၂)မှာ ရှိပါတယ်။ ဆိုလိုတာ သစ်ကောင်းတဲ့ အုပ်စုမှာပါနေတယ်လို့ ပြောလိုပါတယ်။



ကျွန်း၊ပျဉ်းကတိုးပင်များနှင့် တွဲဖက်ပျိုးထောင်ထားသော အညာကုက္ကိုပင်ပေါက်များ(အလယ်ပေါင်)

**စိုက်ပျိုးနိုင်သော ဒေသများ**

မိုးရေချိန် ၄၀ လက်မကနေ ၈၀ အတွင်းရရှိသော ဒေသတွေမှာ စိုက်ပျိုးနိုင်ပါတယ်။ တချို့ဒေသတွေမှာ မိုးရေချိန် လက်မ ၄၀ အောက်ရှိသော်လည်း အပင်ပေါက်နိုင်ပေမယ့် ကြီးထွားမှုနှုန်းနှေးပါတယ်။ အညာကုက္ကိုဟာ အမြင့်ပေ ၄၈၀၀ - ၄၉၀၀ ထိမြင့်မားတဲ့ နေရာအထိ ပေါက်ရောက်နိုင်ပါတယ်။ မြေချဉ်ငံဓာတ် နှစ်မျိုးလုံးရှိတဲ့နေရာမှာလည်း ပေါက်ရောက်နိုင်ပါတယ်။ သူကြောက်တာက ရေဝပ်ခြင်းဒဏ်ကိုတော့ ကြောက်ပါတယ်။ အရွက်ကြွေတတ်သောအမျိုး (Deciduous species)ဖြစ်ပြီး အရွက်ကြွေချိန် တစ်လလောက်ကြာတတ်ပါတယ်။ ရွက်သစ်တွေထွက်လာရင် အရွက်နုကို အစားအစာအတွက် အသုံးပြုနိုင်ပါတယ်။ အရွက်နုကို သုပ်စားကြလေ့ရှိပြီး အရွက်ဟာ ပရိုတိန်း ကြွယ်ဝလှပါတယ်။ အညာကုက္ကိုအရွက်အစိုမှာ ပရိုတိန်းဓာတ် ၁၆ ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း သိရပါတယ်။ ဒါ့ကြောင့် အပင်အရွက်ကိုလည်း ကျွေးလို့ရ၊ အပင်ကြီးမျိုးဖြစ်၍လည်း စားကျက်နယ်မြေမှာ စိုက်ထားပါက တိရစ္ဆာန်များအတွက် အရိပ်ရတာမို့ မွေးမြူရေးသမားများအတွက် အကျိုးဖြစ်ထွန်းလှတဲ့ အပင်ပါ။

**အညာကုက္ကိုများပျိုးထောင်နည်း**

အညာကုက္ကိုစေ့များဟာ အတောင့် (Seed Pod) အထဲမှာရှိကြပြီး အလွယ်တကူ အစေ့ထုတ်ယူနိုင်ပါတယ်။ တစ်ကီလိုမှာ အစေ့ပေါင်း ၆၀၀၀-၇၀၀၀ အထိ ပါဝင်ပါတယ်။ ထုထည်အနေနဲ့ကတော့ နို့ဆီတစ်ဘူး အစေ့ ၁၅၀၀ ဝန်းကျင်ပါဝင်ပါတယ်။ ပျိုးထောင်မယ်ဆိုရင့်မှည့်တဲ့အစေ့ကို ရေဇလုံမှာ နေ့အခါစိမ်ထားပြီး ညအခါ ဆန်ခါအတွင်းထည့်ကာ ရေစိုဝတ်အုပ်ထားပါ။ အဆိုပါအတိုင်း ပြုလုပ်ပြီး သဲပေါင်တွင် လိုင်းအလိုက် တစ်လက်မခြားပြီး အစေ့မြုပ်ပြီးသဲဖုံးပေးပါ။ နေ့စဉ် ရေညင်သာစွာလောင်းပေးပါ။ သုံးလေးရက်ခန့်ကြာလျှင် ပဲပင်အညှောင့်ပေါက်သလို ပေါက်လာပါမယ်။ အပင်ငယ်အရွယ် တစ်လက်မလောက် အမြင့်မှာ သဲပျိုးပေါင်ကနေ ညင်သာစွာနုတ်ယူပြီး ပျိုးအိတ်ထဲ ထည့်စိုက်ပါ။ အပင်ငယ်စဉ်ကပင် ညအချိန်အရွက်များ ညှိုးသကဲ့သို့ (အရပ်အခေါ်အဝေါ် အပင်အိပ်သည်) ဖြစ်နေလေ့ရှိပါတယ်။ အခြားအပင်များ ပျိုးသကဲ့သို့မဟုတ်၊ ရေငတ်ဒဏ် ခံနိုင်ပါတယ်။ ပျိုးထောင်ပြီး (အိတ်ထဲထည့်ပြီး) ရေတစ်ရက်၊ နှစ်ရက်၊ မလောင်းဘဲနေလျှင်လည်း သေမသွားပါ။ ပြီးခဲ့သောရက်ပိုင်းအတွင်း မနေနိုင်လောက်အောင် ပူပြင်းခဲ့တာ အားလုံးအသိပါပဲ။ အဲဒီရက်တွေမှာ စာရေးသူစမ်းသပ်ပျိုးထောင်ထားသော အညာကုက္ကိုပင်များကို ရေသုံးရက်မလောင်းဘဲ စမ်းကြည့်ရာ အသေအပျောက်မရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ရေချိုရှားပါးလာပြီး အပူဒဏ်ခံနိုင်မှုဆိုတဲ့ အချက်တွေဟာ ရာသီဥတုပြောင်းလဲလာနေသော ယနေ့ ခေတ်မှာ ဒီအပင်ရဲ့ အားသာချက်များအနေနဲ့ အသေအချာ ထည့်သွင်း စဉ်းစားရမယ့် အချက်တွေဖြစ်ကြပါတယ်။ ဒါ့အပြင် လေထုထဲက နိုက်ထရိုဂျင်ကို စုပ်ယူနိုင်လို့ သူပေါက်ရာနေရာအတွက် မြေဩဇာကောင်းစေသလို အရွက်ဟာ ဆွေးလွယ်ပြီး မြေဩဇာကောင်းစေပါတယ်။

အညာ ကုက္ကိုစေ့များဟာ ပိုးထိုးလွယ်တာကြောင့် စုသိမ်းပြီး အထက်အောက် ပြာများခံထားသော လေလုံဘူး (သို့မဟုတ်) အိုးအတွင်းထည့်ထားဖို့လိုပါတယ်။ အစေ့ဟာ တစ်နှစ်ကြာပြီးမှ စိုက်လျှင် ပေါက်နှုန်းအား သိသိသာသာ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားတာကို ယခုနှစ် စမ်းသပ်မှုအရ သိရပါတယ်။

နိဂုံးချုပ်အနေနဲ့ ကိုယ့်မြေ ကိုယ့်ဇာတိပင်ဖြစ်တဲ့ အညာကုက္ကိုကို ယခုလ မိုးရာသီမှာ အလေးပေးစိုက်ကြမယ်ဆိုလျှင် -

(၁) အကြီးလည်းမြန်
(၂) အရိပ်လည်းရ
(၃) အတော်အသင့် မိုးလေဒဏ်လည်း ခံနိုင်ရည်ရှိ
(၄) မိုးခေါင်ခဲ့သော်လည်း ဒဏ်ခံနိုင်ရည်ရှိ (Drought Resistance)
(၅) တိရစ္ဆာန်အတွက် အစားအစာလည်းပံ့ပိုး
(၆) ဆောက်လုပ်ရေးအတွက် သစ်သားလည်းရ
(၇) လေထဲက နိုက်ထရိုဂျင်ကို မြေကြီးထဲ စုဆောင်းပေး (Nitrogen Fixing Species)

ဖြစ်လို့ မြေဆီဩဇာလည်းတက်စေတဲ့ အပင်မျိုးဖြစ်တာမို့အဲသလိုဒေသမျိုးရင်းပင်များကို ရွေးချယ်စိုက်ပျိုးကြပါလို့ တိုက်တွန်းလိုပါတယ်။

## ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဆိုင်ရာ တင်သွင်းရောင်းချမှု သတိပေးနှိုးဆော်ချက်

၁။ တောင်သူလယ်သမားများ သုံးစွဲနေသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများတွင် အညွှန်းစာများအား ဓာတ်မြေဩဇာဥပဒေပုဒ်မ(၃၁)အရ လည်းကောင်း၊ ပိုးသတ်ဆေးဥပဒေ ပုဒ်မ (၃၄)အရ လည်းကောင်း၊ တောင်သူလယ်သမားများ နားလည် လွယ်သော မြန်မာစာစာသားများဖြင့် ရေးသားဖော်ပြပေးရန် သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။

၂။ သို့သော် အချို့ကုမ္ပဏီများမှာ မြေဩဇာကော်မတီနှင့် ပိုးသတ်ဆေး ကော်မတီများတွင် မှတ်ပုံတင်ပြီးဖြစ်သော်လည်း တင်သွင်းနေသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများတွင် မူရင်း နိုင်ငံခြားဘာသာစာသားများအတိုင်းသာ ဖော်ပြထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ထို့အပြင် အချို့သော ကုမ္ပဏီများမှ တင်သွင်းရောင်းချနေသော ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများသည် မြေဩဇာကော်မတီနှင့် ပိုးသတ်ဆေးကော်မတီများတွင် မှတ်ပုံတင်ထားခြင်း မရှိသေးသည်ကိုလည်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ **မှတ်ပုံတင်ပြီးဖြစ်သော်လည်း မြန်မာစာ စာသားဖြင့် ရေးသားဖော်ပြထားခြင်း မရှိသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများအား ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ခြင်း ဖျက်သိမ်းမည်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်း မရှိသေးသော ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများအား တင်သွင်းရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက ဓာတ်မြေဩဇာဥပဒေအမှတ်(၃၆)အရ လည်းကောင်း၊ ပိုးသတ်ဆေးဥပဒေအမှတ် (၄၃) အရလည်းကောင်း တင်သွင်းရောင်းချသူအားလုံးကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း** အသိပေးကြေညာအပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

## ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်



**ပျဉ်းမနား ဇွန် ၆**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တွင် ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးအတွက် ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ 33 .11 kv (10) MVA ပေါင်းလောင်းခွဲရုံမှ 11 kv ပန်းခင်းဖီဒါနှင့် 33 .11 kv (10+5) MVA မြို့ /ယာရုံးခွဲရုံမှ 11 kv ပေါင်းလောင်းဖီဒါတို့တွင် Recloser Sectionaliger နှင့် Tie-Recloser များ တပ်ဆင်ပြီးစီးနေပြီ ဖြစ်သည်။ 11 kv ပန်းခင်းဖီဒါဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်လျှင် အဆိုပါဓာတ်အားပြတ်ဧရိယာအား 11 kv ပေါင်းလောင်းဖီဒါမှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးမှုကြောင့် ဓာတ်အားပြတ်တောက်မှုအချိန် လျော့နည်းသွားမည့် အကျိုးကျေးဇူးရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

# ဇီးကုန်းရွာဦးဘုန်းတော်ကြီးကျောင်းအသစ်ဆောက်ရန် အလှူရှင်ထပ်မံလိုအပ်နေ

**တပ်ကုန်း ဇွန် ၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သပြေချောင်းအုပ်စု ရန်ကုန်-မန္တလေးကားလမ်းမဟောင်း အနောက်ဘက်ရှိ ဇီးကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း အသစ်ပြန်လည်ဆောက်လုပ်နိုင်ရန် သဒ္ဓါတရားထက်သန်သည့် စေတနာရှင် အလှူရှင်များ ထပ်မံလိုအပ်နေကြောင်း သိရသည်။

"ကျောင်းရဲ့ တိုင်ခြေတွေက အကုန်နီးပါးပြုတ်ကုန်တော့ ကျောင်းပေါ် ဆက်ပြီး မနေရဲတော့လို့ ကျေးရွာလူထုအင်အားနဲ့ အမြန်ဖျက်လိုက်ရတယ်။ အနယ်နယ်အရပ်ရပ်က လာရောက်လှူဒါန်းသူတွေတော့ရှိပါတယ်။ ဘုန်းဘုန်းနဲ့ ကျောင်းဂေါပကအဖွဲ့ဝင်တွေက အလှူရှင်တွေနဲ့ ငွေတွေကို သေချာလက်ခံထားရှိထားပါတယ်။ ဆောက်လုပ်ဖို့အတွက် အလှူရှင်ထပ်မံ လိုအပ်နေသေးပါတယ်။ အခုလက်ရှိ ဘုန်းဘုန်းတို့ သီတင်းသုံးနေထိုင်ရာ အခက်အခဲရှိတဲ့အတွက် ကျောင်းဟောင်းက ပျဉ်အတိုအစတွေနဲ့ ယာယီကျောင်းဆောင်ငယ်လေး ဆောက်လုပ်လျက်ရှိပါတယ်။ အသစ်ဆောက်လုပ်မှာကတော့ တစ်ထပ်တိုက်ကျောင်းဆောင်ပါ။ ငွေကြေးနည်းနေသေးတော့ လိုအပ်တဲ့ အုတ်တွေ၊ သစ်သားတွေကို မဝယ်နိုင်သေးပါဘူး" ဟု ကျောင်းထိုင်ဆရာတော် ဦးစန္ဒာသီရိက မိန့်ကြားသည်။

အဆိုပါဇီးကုန်းရွာဦးဘုန်းတော်ကြီး ကျောင်းဆောင်သစ်မဆောက်လုပ်နိုင်သေးသည့်အတွက် ကျောင်းထိုင်ဆရာတော်နှင့် ကျောင်းရှိဆရာတော်၊ သံဃာတော်များသည် ကျောင်းဝင်းအတွင်းရှိ သိမ်ငယ်လေးအတွင်း၌ သီတင်းသုံးနေထိုင်လျက်ရှိကြသည်။

ထို့အတွက်ကြောင့် အလှူရေစက်လက်နှင့်မကွာဆိုသည့် မြန်မာလူမျိုးတို့၏ မွန်မြတ်သော ထုံးတမ်းအစဉ်အလာအတိုင်း ဇီးကုန်းဘုန်းတော်ကြီးကျောင်း အမြန်ဆုံး ဆောက်လုပ်အောင်မြင်ရန်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် စေတနာရှင် အလှူရှင်များ သဒ္ဓါတရား တတ်စွမ်းသမျှ ပါဝင်လှူဒါန်းလိုပါက



ဦးစန္ဒာသီရိ (ဇီးကုန်းကျောင်းထိုင်ဆရာတော် ဖုန်း ၀၉-၇၉၇၉၀၃၉၂၅၊ ဦးအောင်လွင် (ကျောင်းအကျိုးတော်ဆောင်) ဖုန်း ၀၉-၃၂၀၆၀၅၃၅၊ ဦးကိုကြီး(ကျောင်းအကျိုးတော်ဆောင်) ဖုန်း ၀၉-၇၉၇၆၆၂၅၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်လွင် (တပ်ကုန်း)**

# တောင်ငူတွင် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**တောင်ငူ ဇွန် ၆**

နိုင်ငံတော်သမ္မတ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆု၊ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆု၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု၊ ဘက်စုံထူးချွန်လူငယ်များနှင့် ခမ္မစကြာပြိုင်ပွဲ ဆုရရှိသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆုရရှိသူများက ဆုရရှိခြင်းအကြောင်းရင်းများနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် တာဝန်ရှိသူများက နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆုအဖြစ် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး မြို့နယ်ဆုရရှိသည့် တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းအားလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆုအဖြစ် စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားဆု ရရှိသူ ဦးသန်းမြင့်နှင့် မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုရရှိသူ ဦးရဲဝင်းအားလည်းကောင်း၊ ဘက်စုံလူရည်ချွန်ဆုရရှိသူများဖြစ်သော မမေသုအောင်၊ မနှင်းအိန္ဒြာဝေ၊ မောင်ကျော်ခန့်ဇော်၊ မောင်ပြည့်ထူးခန့်၊ မသင်းစုစုဇင်တို့အားလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အထက်တန်းဆုရရှိသူများအားလည်းကောင်း ပဲခူးတိုင်းဒေသကြီး ခမ္မစက္ကဝိတ္တနသုတ်ရွတ်ဖတ်ပူဇော်ပွဲ ဒုတိယဆုရရှိသည့် တောင်ငူမြို့နယ် ခမ္မစကြာအသင်းဝတ်အဖွဲ့အားလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ပေးမည်

**သီပေါ ဇွန် ၆**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ဩဝါဒကို ခံယူလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မဟာမြတ်မုနိ ဘုရားကြီး အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တပညာသီရိ အရှင်သူမြတ်၏ကြီးကြပ်မှုဖြင့် (၃၂) ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ သီပေါသီတဂူ စက္ခုဒါနဆေးရုံ၌ အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

ဝေဒနာရှင်များအနေဖြင့် ဇွန် ၅ ရက်မှ စတင်ကာ စာရင်းပေးသွင်းနိုင်ကြောင်း မဟာမြတ်မုနိဘုရားကြီး ဆရာတော်က မိန့်ကြားသည်။ ဆေးကုသမှုခံယူကြသည့် မျက်စိဝေဒနာရှင်များ၊ ရပ်ဝေးရပ်နီး မည်သည့် ဒေသမဆို လူမျိုးဘာသာမရွေး အခမဲ့လာရောက်ကုသမှုခံယူနိုင်ပြီး လာရောက်ကုသမှုခံယူသော မျက်စိဝေဒနာရှင်များအတွက် တည်းခိုနေထိုင်ရန် စီစဉ်ထားရှိကာ မဟာမြတ်မုနိဘုရားကြီးဆရာတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ရေးအတွက် ကုသိုလ်ပါဝင်ကြမည်ဖြစ်သည်။

သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် လုပ်အားဒါန၊ ငွေကြေးဒါန၊ ပညာဒါနများ ပါဝင်ကုသိုလ်ယူလှူဒါန်းလိုပါက သီတဂူစက္ခုဒါနဆေးရုံ ဖုန်း-၀၉-၅၂၇၈၁၇၃ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်-တံတားဦးလမ်းပေါ်မှ ကြောင်ပန်းကုန်းတံတား

**သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်**



တည်ဆောက်ပြီးစီးနေပြီဖြစ်သော ကြောင်ပန်းကုန်းတံတား

**ကျောက်ဆည် ဇွန် ၆**

မန္တလေးတိုင်းဒေသကြီးတွင်ခရိုင်ပေါင်းရှစ်ခရိုင်၊ မြို့နယ်ပေါင်း ၃၆ မြို့နယ်၊ မြို့နယ်ခွဲနှစ်ခုနှင့်ကျေးရွာပေါင်း ၅၄၂၄ရွာ တို့ရှိရာ ခရိုင်ချင်းဆက် လမ်းနှင့်ကျေးရွာချင်းဆက်လမ်းမှ မဟာဗျူဟာကားလမ်းများအထိရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ ထို့ကြောင့် ကျောက်ဆည်မှတံတားဦးသွား ကားလမ်းသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့်ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုကားလမ်းမကြီးနှစ်ခုနှင့် ဆက်သွယ်နိုင်သောကားလမ်းတစ်လမ်း ဖြစ်ပြီး ထိုကားလမ်းပေါ်မှ ကြောင်ပန်းကုန်း တံတားသည် မရှိမဖြစ်လိုအပ်သော တံတားတစ်စင်းဖြစ်သည်။

အဆိုပါတံတားမှာ အင်္ဂလိပ်ခေတ်ကတည်းက တည်ဆောက်ခဲ့သော တောင်ကျချောင်းကူးတံတားဖြစ်ပြီး နှစ်ပေါင်းကြာမြင့်ခဲ့၍ ၂၀၀၀ ပြည့်နှစ်တွင် တံတားကျိုးသွားခဲ့ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တစ်လမ်းသွား ဘေလီတံတားဖြင့် ယာယီအစားထိုးပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် အရှည်ပေ ၂၆၀ ရှိ သံကူကွန်ကရစ်တံတားတည်ဆောက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူး အဖွဲ့(၄)သို့တာဝန်ပေးခဲ့သည်။

တံတားအထူးအဖွဲ့(၄)က ၂၀၁၄-ခုနှစ် မေလကစတင်တည်ဆောက်ခဲ့ရာ ၉-၄-၂၀၁၅ ရက်တွင် ရာနှုန်းပြည့်တည်ဆောက်ပြီး အများပြည်သူနှင့် မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုခွင့်ပြုပေးခဲ့သည်။

အဆိုပါတံတားမှာ အရှည်ပေ ၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ တံတားအကျယ်ပေ ၃၀၊ လူသွားလမ်းအကျယ် တစ်ဖက် သုံး ပေဖြစ်သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

# ပျိုးထောင်စိုက်ပျိုးနည်းထက် ကြဲပက်စနစ်ဖြင့် လယ်ယာလုပ်ငန်းခွင်ဝင်

**နတ်တလင်း ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် တောင်သူလယ်သမားများ ပျိုးထောင်စိုက်ပျိုးနည်းထက်ကြဲပက်စနစ်ဖြင့် လယ်ယာလုပ်ငန်းခွင်ဝင်နေကြကြောင်း သိရသည်။

"ရာသီဥတုအခြေအနေကြောင့် အခုလိုကြဲပက်နည်းကိုသာလုပ်ကိုင်နေရတာပါ၊ လယ်သမားတွေအခေါ် ရ ပျိုးထောင်စိုက်ပျိုးနည်းနဲ့ကြဲပက်စနစ်တစ်နည်း၊ အခြောက်စိုက်နည်းလို့လည်းခေါ်တယ်။ သဏ္ဌာန်ကြဲစိုက်နည်းလို့လည်းအမျိုးမျိုးခေါ်ကြတယ်၊မျိုးစပါးကတော့အင်းလယ်၊ ထိပ်စောင်း စတဲ့စပါးမျိုးတွေကိုပဲအများဆုံးစိုက်ပျိုးကြတယ်။ ဒီအရပ်ဒေသက အခုနှစ်မိုးဦးခေါင်တော့ အခြောက်စိုက်နည်း ကိုသုံးကြတယ်။

စပါးထွက်ကတော့လယ်သမားတွေမိမိစိုက်ပျိုးထားတဲ့စပါးပင်တွေအပေါ်ပြုစုဂရုစိုက်မှုတွေအပေါ် မှာအများကြီးမူတည်တယ်။ ပျိုးထောင်စိုက်ပျိုးတာထက် အကုန်အကျနည်းတယ်၊ လူလည်းသက်သာတယ်၊ ကျွန်တော်တို့ဒေသမှာကြဲပက်စနစ်နဲ့လုပ်နေကြတာ လယ်ဧကတော်တော်များများပြီးစီးနေပြီဖြစ်ပါတယ်"ဟု ထိန်သေးကျေးရွာအုပ်စု ပေါက်တန်းရွာမှ တောင်သူတစ်ဦးက ပြောသည်။

**တင်မြင့် (နတ်တလင်း)**

# ရပ်ကျေးကော်မရှင်အဖွဲ့ခွဲများအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ငဖဲ ဇွန် ၆**

မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၃ ရက်နှင့် ၄ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မင်းဘူးခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီးအဖွဲ့ဝင်(နယ်မြေတာဝန်ခံ)ဦးမြင့်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌတို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်မှအဖွဲ့ခွဲအရာရှိ ဦးတင်နိုင်ဇော်က ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို သင်တန်းပို့ချခဲ့သည်။

သင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO)များ၊ ရပ်/ကျေးအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ နိုင်ငံရေးပါတီသုံးခုမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**



# အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းဆိုင်ရာ (မားစ်)ကူးစက်မြန်ရောဂါ Middle East Respiratory Syndrome (MERS- CoV) ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

ဤရောဂါသည် ပြင်းထန်သောအသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသနိုင်ငံဖြစ်သော ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၁၂ ခုနှစ်၌ စတင်ဖြစ်ပွားခဲ့ပြီး အာရှနိုင်ငံများဖြစ်သော တောင်ကိုရီးယားနိုင်ငံ၊တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် မလေးရှားနိုင်ငံအပါအဝင် ကမ္ဘာ့ ၂၅ နိုင်ငံတွင် ကူးစက်ဖြစ်ပွားခဲ့ပါသည်။ ရောဂါကူးစက်ခံရပါက ဖျားခြင်းနှင့် ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူခက်ခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်းစသည့် လက္ခဏာများ ဖြစ်ပေါ်နိုင်ပြီး ရောဂါဖြစ်ပွားသူများ၏ ၃၇ % ခန့် အသက်ဆုံးရှုံးနိုင်ပါသည်။

အောက်ဖော်ပြပါ လမ်းညွှန်ချက်များကို သိရှိနားလည်ပြီး လိုအပ်သော ကာကွယ်မှုများကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

၁။ နာတာရှည်ရောဂါ တစ်ခုခုသင်ခံစားနေရလျှင် (ဥပမာ- ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ အဆုတ်ရောဂါပိုးဝင်ခြင်း) စသည့် ယင်းရောဂါများသည် (MERS -CoV) ပိုးဝင်ရောက်ခြင်းအန္တရာယ်ကို ကြီးမားစေသောကြောင့် ရောဂါဖြစ်ပွားနေသောဒေသသို့ ခရီးမထွက်ခွာမီ သက်ဆိုင်ရာဆရာဝန်နှင့် ထိရောက်စွာကုသမှုခံယူပါ။

၂။ ချောင်းဆိုး၊ နှာချေစဉ် ပါးစပ်ကို လက်ကိုင်ပဝါ၊ တစ်သျှူး၊ တံတောင်ဆစ်ဖြင့် ဖုံးအုပ်ပါ။

၃။ သင်၏လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။

၄။ သေချာစွာချက်ပြုတ်ထားသော အစားအစာများကိုသာ စားပါ။

၅။ သစ်သီး/ ဟင်းသီးဟင်းရွက်များကို အစိမ်းစားမည်ဆိုပါက သေချာစွာဆေးကြောပြီးမှ စားပါ။

၆။ ကုလားအုပ်နှင့်တောရိုင်းတိရစ္ဆာန်များကို မလိုအပ်ဘဲ ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

ရောဂါဖြစ်ပွားနေသော နိုင်ငံတွင် နေထိုင်စဉ် (သို့မဟုတ်) ပြန်ရောက်ပြီး ၁၄ ရက်အတွင်းဖျားခြင်းနှင့် ချောင်းဆိုးခြင်း ၊နှာရည်ယိုခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူခက်ခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်းစသည့် သံသယလက္ခဏာများဖြစ်ပေါ်လာပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း ကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပို့ပြီး ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စလင်းတွင်မိုးရာသီ ဘဏ်ချေးငွေ စတင်ထုတ်ချေး

**စလင်း ဇွန် ၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ၂၀၁၅ မိုးရာသီဘဏ်ချေးငွေများကို ချေးငွေစည်းကမ်းချက်များနှင့်အညီ မေ ပထမပတ်က စတင်ထုတ်ချေးလျက်ရှိပြီး စပါးတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း၊ အခြားသီးနှံတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းချေးပေးမည်ဖြစ်ပြီး ချေးငွေအပေါ် အတိုးနှုန်းမှာ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်၍ ငွေ ၁၀၀ အပေါ် ၄၂ ပြားသာ ကျသင့်မည်ဖြစ်သည်။

အဆိုပါ ငွေထုတ်ချေးရာတွင် မိမိနှင့်ဆန္ဒတူ အစုအဖွဲ့ဝင်သုံးဦး တစ်ဖွဲ့ ဖွဲ့စည်းပြီး ချေးငွေကျေသည်အထိ တစ်ဦးနှင့်တစ်ဦးအာမခံချက်ဖြင့် ချေးရမည်ဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ ၇) မိတ္တူ တင်ပြရမည်ဖြစ်၍ စလင်းမြို့နယ်ဘဏ်ခွဲအနေဖြင့် ကျေးရွာအုပ်စု ၈၅ အုပ်စုသို့ ထုတ်ချေးပေးရန် ငွေကျပ် သိန်းပေါင်း ၄၈၀၀၀ ခန့် လျာထားကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ခေတ်မီစပါးအခြောက်ခံစက်အသုံးပြု၍ အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်ရေးဆွေးနွေး

**မြောင်းမြ ဇွန် ၆**

စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်သုံး စပါးအခြောက်ခံစက်အသုံးပြု၍ အရည်အသွေးမြင့်ဆန်စပါးထုတ်လုပ်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် Pioneer Agrobiz ကုမ္ပဏီတို့ ကြီးမှူး၍ Seminar On Grain Cooling System & Modernized Paddy Dryer အကြောင်း ဆန်စက်လုပ်ငန်းရှင်များအလုပ်ရုံဆွေးနွေးပွဲကို မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ဇွန် ၄ ရက်တွင် ကျင်းပခဲ့သည်။

နိုင်ငံတကာဈေးကွက်သို့ ရောင်းချနေသော မြန်မာ့ဆန်များ ပိုမို အရည်အသွေးပြည့်ဝစေရန်အတွက် စပါးစိုက်ပျိုးထုတ်လုပ်သော တောင်သူများအနေဖြင့် အထွက်တိုးစပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန် လိုအပ်သကဲ့သို့ ဆန်စက်ပိုင်ရှင်များက သိုလှောင်ကြိတ်ခွဲရာတွင်လည်း နိုင်ငံတကာမှ တိုးတက်သောနည်းပညာအသစ်များကိုအသုံးပြုခြင်းဖြင့် အရည်အသွေးမြင့်ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်ပြီး နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ရောင်းချရာတွင် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း မြောင်းမြမြို့မှ ဆန်စက်ပိုင်ရှင်တစ်ဦးက ပြောသည်။ **အောင်မင်း(စမိ)**



# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**တနိုင်း ဇွန် ၆**

တနိုင်းမြို့နယ် ပုန်ခုန်းရပ်ကွက် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဇွန် ၅ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ဇွန် ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေးနံရံကပ်စာစောင်၊ စာအုပ်ပြပွဲ၊ မူးယစ်ဆေးဝါးအန္တရာယ် မှတ်တမ်းဓာတ်ပုံများကို ကျောင်းသားကျောင်းသူများ အသိပညာတိုးပွားစေရန်အတွက် ခင်းကျင်းပြသခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

### မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို သဲကုန်းမြို့နယ် အင်ပင်လှကျေးရွာ အထက(ခွဲ)၊ ရွာလှကျေးရွာ အထက(ခွဲ)နှင့် မင်းလှကျေးရွာ အမကတို့တွင် ကျင်းပခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ရေစကြိုမြို့နယ်၌ မိုးစပါးနှင့်ရာသီသီးနှံများ စိုက်ပျိုးစရိတ် ကျပ်သန်းပေါင်း ၁၄၀၀ ကျော် ထုတ်ချေးမည်

**ရေစကြို ဇွန်**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းမှ စပါးစိုက်တောင်သူများအား ၂၀၁၅-၂၀၁၆ မိုးရာသီစိုက်ပျိုးစရိတ်အဖြစ် ချေးငွေကျပ်သန်းပေါင်း ၁၄၀၀ ကျော်ကို ထုတ်ချေးသွားမည်ဖြစ်ကြောင်း ရေစကြိုမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

"ကျွန်တော်တို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မြို့နယ်အတွင်းက တောင်သူတွေ ၂၀၁၅-၂၀၁၆ မိုးရာသီသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ဖို့ မေ ၂၈ ရက်ကတည်းက ချေးငွေတွေ ထုတ်ပေးနေတာပါ။ ကိုင်းမကြီးကျေးရွာအုပ်စုက အစုအဖွဲ့ ၂၉ ဖွဲ့မှ အဖွဲ့ဝင်တောင်သူ ၈၆ ဦးအတွက် ချေးငွေကျပ် ၁၇၂ သိန်း ထုတ်ချေးပြီးဖြစ်ပါတယ်"ဟု ရေစကြိုမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစိန်ဌေးက ပြောသည်။ ယခုနှစ်အတွက်ချေးငွေများကို ကျေးရွာအုပ်စု ၅၂ ခုမှ တောင်သူများထံ ထုတ်ပေးမည် ဖြစ်ကြောင်းနှင့် ထုတ်ချေးငွေလျာထားချက်မှာ ကျပ် ၁၄၅၁၈ သိန်းကျော် ဖြစ်ကြောင်း သိရသည်။

ချေးငွေလာရောက်ထုတ်ယူသော တောင်သူတစ်ဦးက "ကျွန်တော်တို့ ဒေသက နွေသီးနှံတွေ ရိတ်သိမ်းပြီး တာနဲ့ မိုးစပါးကို စိုက်ပျိုးမှာဖြစ်ပါတယ်။ အခုလို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ချေးငွေတွေ အချိန်မီ ထုတ်ချေးတော့ ကျွန်တော်တို့လို တောင်သူတွေအနေနဲ့ လိုအပ်တာတွေ ကြိုတင်ဝယ်ယူစုဆောင်းနိုင်တာပေါ့"ဟု ချေးငွေရရှိခြင်းကြောင့် လုပ်ငန်းအဆင်ပြေပုံကို ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ဘိန်းအစားထိုးသီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဝေ

**မိုင်းကိုင် ဇွန် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်အတွင်းမှ တောင်သူများအား ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် နှစ်ရှည်သီးနှံပျိုးပင်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇွန် ၄ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့သည်။

သီးနှံမျိုးစေ့နှင့် နှစ်ရှည်သီးနှံပျိုးပင်များ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲမှူးမြင့်နွယ်ဦးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာများကို တောင်သူများအား အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဘိန်းအစားထိုးသီးနှံများဖြစ်သည့် ပုလဲသွယ်စပ်မျိုးစပါး ၇၀၀ ကီလို၊ အစေ့ထုတ်ပြောင်း ၂၅၀ ကီလို ၊ လက်ဖက်ပျိုးပင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး ပညာပေးလက်ကမ်းစာစောင်များကို တောင်ပေါ်ဒေသ ကျေးရွာအုပ်စုရှစ်ခုမှ တောင်သူများထံသို့ တာဝန်ရှိသူများက အခမဲ့ပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးရဲသွေးကျော်ကလည်း တောင်သူများအား စိုက်ပျိုးနည်းစနစ်များ ပညာပေးသင်တန်းကို ဆက်လက်ပို့ချခဲ့သည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# ထင်းအစားထိုးလောင်စာ တိုးမြှင့်အသုံးချသည့်ကျေးရွာအား ဆုချီးမြှင့်



**မြိုင် ဇွန် ၆**

မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအနက်တစ်ခုဖြစ်သော ထင်းအစားအခြားလောင်စာတိုးမြှင့်အသုံးပြုခြင်းနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်သည့်ဆုကို မြိုင်မြို့နယ် စဘေကျေးရွာအုပ်စု ထန်းငယ်တောကျေးရွာသို့ ဇွန် ၃ ရက်တွင် ပေးအပ်ခဲ့သည်။

ထန်းငယ်တောကျေးရွာအမကကျောင်း၌ ကျင်းပသည့် ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေမျိုးလှက စံပြကျေးရွာရွေးချယ်ပုံအကြောင်းကို ရှင်းလင်းပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ထူးချွန်စံပြကျေးရွာဆု ငွေကျပ်သုံးသိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ဆွေထံ ပေးအပ်သည်။ ထို့နောက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်နှင့် တာဝန်ရှိသူများက ကျေးရွာမှ အိမ်ထောင်စု ၁၁၃ စုအတွက် ထင်းသုံးစွဲမှုလျှော့ချနိုင်သည့် စွမ်းအားမြှင့်မီးဖိုတစ်လုံးစီကို ပေးအပ်ခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာ၏ ထင်းအစား အခြားလောင်စာသုံးစွဲမှု မှတ်တမ်းဓာတ်ပုံများပြခန်းကို ကြည့်ရှုခဲ့သည်။

အပူပိုင်းဒေသများ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောသစ်ပင်များ ရှင်သန်ပေါက်ရောက်ရန်နှင့် ရှင်သန်ပြီးသစ်ပင်များကိုလည်း ရေရှည်ထိန်းသိမ်းရန် အရေးကြီးသဖြင့် သစ်တောများထိန်းသိမ်းရေးအတွက် ထင်းသုံးစွဲမှုကို လျှော့ချနိုင်ရန် ရည်ရွယ်ပြီး အပူပိုင်းဒေသများဖြစ်သော မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ကျေးရွာများ၌ ထင်းအစား အခြားလောင်စာများ အသုံးပြုလာစေရန် ပညာပေးခြင်းနှင့် ထင်းသုံးစွဲမှုလျှော့ချနိုင်သည့် စွမ်းအားမြှင့်မီးဖိုများ ပေးအပ်ခြင်းတို့ကို အပူပိုင်းဒေသ စိမ်းလမ်းစိုပြည်ရေးဦးစီးဌာနက ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ထင်းအစား အခြားလောင်စာ အသုံးချခြင်းကို တိုးမြှင့်ဆောင်ရွက်ပြီး ရေရှည်ပူးပေါင်းဆောင်ရွက်မှုရှိသည့် ကျေးရွာကို ရွေးချယ်ဆုပေးခြင်းဖြင့် အခြားကျေးရွာများအနေဖြင့်လည်း ထင်းအစား အခြားလောင်စာများအသုံးပြုလိုစိတ်များလာပြီး ထင်းအသုံးပြုမှု လျော့လာသည့်နှင့်အမျှ သစ်ပင်များကိုလည်း ပိုမိုထိန်းသိမ်းလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

## သတင်းတိုများ

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေးပိုစတာစိုက်ထူ

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာကို ပြင်ဦးလွင်မြို့ မြို့တော်ခန်းမရှေ့၌ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဇွန် ၃ ရက်တွင် စိုက်ထူခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နံရံကပ်စာစောင်များကိုလည်း ခရိုင်ပြည်သူ့စာကြည့်တိုက်၌ပြသထားကြောင်း သိရသည်။ **(၄၃၂)**

### မြို့နယ်ပြည်သူ့ဆေးရုံ၌ ဒီဂျစ်တယ်စာကြည့်တိုက်စနစ် တပ်ဆင်

တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဝိုင်ဖိုင်မှတစ်ဆင့် ဖုန်းနှင့် တက်ဘလက်များဖြင့် စာအုပ်များ အလွယ်တကူရယူဖတ်ရှုနိုင်မည့် Public Digital Library စက်ကို ဇွန် ၁ ရက်မှစ၍ တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တပ်ဆင်ပေးခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ စာပေကိုအလွယ်တကူဖတ်ရှုနိုင်ရေးအတွက် တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ရဲတင့်**

### လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာများဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းမှ တောင်သူများအား Daedong လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်နည်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာများ ဆွေးနွေးပွဲကို ချောင်းဦးမြို့ သမဝါယမခန်းမ၌ မေ ၂၉ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်နည်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအကြောင်းကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာအလက(ခွဲ)သို့ လှူဒါန်းသည့် ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**မြင်းခြံ ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကန်ဆင့်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၌ တည်ဆောက်ပြီးစီးခဲ့သော ပြေလှရတနာကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်ကို မန္တလေးမြို့မှ အလှူရှင် ဦးပြေအေး-ဒေါ်လှတင် မိသားစုက လှူဒါန်းခြင်းဖြစ်ပြီး အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၂၄ ပေရှိ သံကူကွန်ကရစ်အဆောက်အအုံနှင့်အတူ စာသင်ခုံများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများပါ လှူဒါန်းခဲ့ခြင်းဖြစ်ကာ ကျပ်သိန်း ၁၄၅၀ ကျော်ခန့် ကုန်ကျခဲ့ကြောင်းနှင့် ကျောင်းဝန်း အုတ်တံတိုင်းကာရန်ခြင်းအတွက်လည်း ငွေကျပ် သိန်း ၁၅၀ ခန့် အကုန်အကျခံလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် အလှူရှင် ဦးပြေအေး-ဒေါ်လှတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်တို့က အမှာစကားပြောကြားပြီး အလှူရှင်မိသားစုက ပြေလှရတနာ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်မိသားစုက ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ ကန်ဆင့်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ ပြည်သူများ၊ ပညာရေးဌာနမှ ဝန်ထမ်းများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**





**မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ဥတည်ကျေးရွာ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ ဇွန် ၂ ရက်တွင် ကျင်းပသည့် ပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၌ ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ်။**

(၄၀၉)

# လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဖွင့်ပွဲကျင်းပ

**ပုသိမ် ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၀)ရပ်ကွက် ရေအိုးစင်-စက်ကလေးနယ်မြေ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများပြီးစီးသဖြင့် ဖွင့်ပွဲကို ဇွန် ၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်း၊ လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ခင်စီနှင့် မီးလင်းရေးကော်မတီဥက္ကဌ ဦးတင်ဝင်းတို့က ထရန်စဖော်မာသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က စက်ခလုတ်နှိပ်၍ လျှပ်စစ်မီးစတင်ပို့လွှတ်သည်။ ဖွင့်ပွဲသို့ တိုင်းဒေသကြီးသမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် စက်ကလေး တာကိုင်၊ ရေအိုးစင်နှင့် ရွှေကျင်ကုန်းရပ်ကွက်များမှ အိမ်ထောင်စု ၆၀၀ ကျော်အတွက် ၂၄ နာရီ လျှပ်စစ်မီးရရှိမည်ဖြစ်ကြောင်း သိရသည်။ မီးလင်းရေးလုပ်ငန်းများကို ကျပ် ၆၀၈ သိန်းကျော် အကုန်ကျခံဆောင်ရွက်ခဲ့ပြီး ပြည်သူများထည့်ဝင်ငွေ ကျပ် ၂၁၂သိန်းဖြစ်ကာ ကျန်ငွေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထည့်ဝင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# လက်ရှိ ချန်ပီယံ ဥရုဂွေး အခြေအနေကောင်းနိုင်ပါ့မလား



၂၀၁၅ ကိုပါအမေရိကဘောလုံးပြိုင်ပွဲမှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားမှုမမြင့်မားပေမယ့် ပရိသတ်တွေ စိတ်ဝင်စားမှုကြီးမားတဲ့အသင်းကတော့ ဥရုဂွေးအသင်းပဲ ဖြစ်ပါတယ်။ ဥရုဂွေးအသင်းဟာ လက်ရှိအနေအထားအရ ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်တဲ့ အနေအထားရှိပြီး မထင်မှတ်တဲ့ ရလဒ်တွေကို ဖော်ထုတ်သွားနိုင်တဲ့ အသင်းအဖြစ် သက်ဝင်လှုပ်ရှားနေပါတယ်။

တကယ်တော့ ဥရုဂွေးအသင်းဟာ ကိုပါအမေရိကဘောလုံးပြိုင်ပွဲသမိုင်းမှာ အောင်မြင်မှုအရဆုံးအသင်းဖြစ်နေခဲ့ပြီး စုစုပေါင်း ၁၅ ကြိမ် ဗိုလ်စွဲခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ ပထမဆုံးဗိုလ်စွဲခဲ့တဲ့နှစ်က ၁၉၁၆ ခုနှစ်ဖြစ်ပြီး နောက်ဆုံးချန်ပီယံဖြစ်တဲ့နှစ်ကတော့ ၂၀၁၁ ခုနှစ်ဖြစ်တာမို့ အခု ၂၀၁၅ ခုနှစ်မှာ ဘယ်လိုစွမ်းဆောင်မှုမျိုးနဲ့ ဂုဏ်သိက္ခာမြှင့်တင်နိုင်မလဲ ကြည့်ရမှာဖြစ်ပါတယ်။

၂၀၁၅ ကိုပါအမေရိကပြိုင်ပွဲမှာ ဥရုဂွေးအသင်းကို ပြိုင်ဘက်တွေ စိတ်ဝင်စားမှုနည်းခဲ့တာဟာ တိုက်စစ်မှူး ဆွာရက်ဇ် မပါဝင်နိုင်တာလည်း အဓိကအချက်တစ်ချက်ဖြစ်နေခဲ့ပါတယ်။ တိုက်စစ်မှူး ဆွာရက်ဇ်ဟာ ၂၀၁၅ ကိုပါအမေရိကပြိုင်ပွဲမှာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်ဆင်နွှဲခွင့်မရခြင်းဟာလည်း ဥရုဂွေးအသင်းအတွက်တော့ ပြင်းထန်တဲ့ ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့ပါတယ်။

ထူးခြားတာကတော့ ကိုပါအမေရိကဖလား လက်ရှိချန်ပီယံ ဥရုဂွေးကို ဒီနှစ်မှာ ပြိုင်ဘက်တွေက အလေးမထားခြင်းပဲဖြစ်ပါတယ်။ ဥရုဂွေးအသင်းဟာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးကတည်းက ခြေစွမ်းကို ထိန်းသိမ်းခဲ့ပြီး ပွဲတိုင်းနီးပါးနိုင်ပွဲရအောင် အားထုတ်ထားနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ကစားသမားစုဖွဲ့မှုအပိုင်းမှာ အတွေ့အကြုံရှိတဲ့သူတွေနဲ့ လူငယ်ခြေတက်တွေကို တွဲဖက်ပြီး ဟန်ချက်မျှအောင် ကစားနိုင်တဲ့အသင်းအဖြစ် တည်ဆောက်ထားပါတယ်။

ဥရုဂွေးနည်းပြ တာဘာရက်ဟာ ကစားသမားတွေစုစည်းတဲ့နေရာမှာ ဂိုဒင်နဲ့ ကာဗာနီတို့လို အတွေ့အကြုံရှိပြီး အားကိုးရတဲ့ ကစားသမားတွေလည်း ထည့်သွင်းထားပါတယ်။ ဥရုဂွေးနည်းပြ တာဘာရက်ဟာ ဥရုဂွေးအသင်းကို ၁၀ နှစ်ကျော်ကြာ တာဝန်ယူခဲ့သူမို့ ကစားသမားတွေရဲ့ အထာနဲ့ခြေစွမ်းကို ကောင်းကောင်းသိရှိနေသူဖြစ်ပါတယ်။

လက်ရှိ ဥရုဂွေးအသင်းဟာ အုပ်စုပွဲတွေအဖြစ် အာဂျင်တီးနား၊ ပါရာဂွေး၊ ဂျမေကာတို့နဲ့ တွေ့ဆုံရမှာဖြစ်လို့ ကျော်ဖြတ်နိုင်ပေမယ့် အားနည်းနေတဲ့ တိုက်စစ်ပိုင်းကို ဖြည့်ဆည်းဖို့ လိုအပ်ချက်တော့ ရှိနေဆဲပါပဲ။ တိုက်စစ်ပိုင်းမှာ တစ်ဦးချင်းစွမ်းရည်ကို အားပြုပြီး ထိုးဖောက်တတ်တဲ့ ဥရုဂွေးဟာ အခုကိုပါအမေရိကဖလားပွဲမှာ အခက်အခဲတွေနဲ့ ကြုံတွေ့ရမှာမလွဲပါဘူး။

လက်ရှိ ကမ္ဘာ့အဆင့် သတ်မှတ်ချက် အဋ္ဌမနေရာမှာ ရှိနေတဲ့ ဥရုဂွေးဟာ ကိုပါအမေရိကဖလားသမိုင်းမှာ စုစုပေါင်း ၄၁ ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၁ ကြိမ် ဗိုလ်လုပွဲတက်ရောက်ခဲ့တဲ့ နေရာမှာ ၁၅ ကြိမ် ဗိုလ်စွဲခဲ့တဲ့ မှတ်တမ်းက သာမန်အသင်းမဟုတ်ဘူးဆိုတာ ဖော်ညွှန်းနေပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ် ဗိုလ်လုပွဲမှာ ပါရာဂွေးကို သုံးဂိုးပြတ်အနိုင်ယူပြီး ထိုက်ထိုက်တန်တန် ဗိုလ်စွဲခဲ့တာမို့ အခုပြိုင်ပွဲမှာ ချန်ပီယံအဖြစ် ဆက်လက်ကာကွယ်နိုင်မလားဆိုတာ စောင့်ကြည့်ရတော့မှာဖြစ်ပါတယ်။

၂၀၁၅ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားမှုအဆင့် ပဥ္စမနေရာမှာရှိနေတဲ့ ဥရုဂွေးအသင်းဟာ ဒီပြိုင်ပွဲမှာ ကံကောင်းတတ်တဲ့အပြင် အားထုတ်မှုကောင်းကောင်းနဲ့ ယှဉ်ပြိုင်တတ်တာမို့ လက်ရှိချန်ပီယံ ဥရုဂွေးတို့အတွက် သမိုင်းမှတ်တမ်းသစ် ရေးထိုးနိုင်မလား ကြည့်ရှုအကဲခတ်ရဦးမှာဖြစ်ပါတယ်။

မိုးမြင့်လင်းလက်

## အလုပ်ဖြုတ်ခံရတော့မယ့် အေစီမီလန်နည်းပြ



အေစီမီလန်နည်းပြ အင်ဇာဂီအနေဖြင့် အသင်းကို တစ်နှစ်တာကိုင်တွယ်ခဲ့ပြီးနောက် ယခုသီတင်းပတ်အတွင်း အလုပ်ဖြုတ်ခံရဖွယ်ရှိတယ်လို့ သတင်းများက ဆိုပါတယ်။ အသက် ၄၁ နှစ်အရွယ်ရှိတဲ့ အင်ဇာဂီဟာ လာမယ့်နှစ်မှာ အသင်းကို ကိုင်တွယ်ခွင့်ရှိမှာ မဟုတ်တော့ဘူးလို့ အေစီမီလန်က ပြောပါတယ်။ အေစီမီလန်အသင်းဟာ ယခုနှစ်ရာသီမှာ အမှတ်ပေးဇယားနံပါတ် ၁၀ အထိ ရောက်ရှိခဲ့ပါတယ်။ ဒီအတွက် ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ လွဲချော်သွားခဲ့ပါတယ်။ နည်းပြဟောင်း အန်ဆယ်လော့တီကတော့ အသင်းကိုပြန်လာဖို့ ပယ်ချလိုက်ပါတယ်။ ဒီအတောအတွင်း ဆမ်ဒိုးရီးယားနည်းပြဟောင်း ဘင်နီဆာမီတာဂျိုဗစ်ကတော့ အေစီမီလန်နည်းပြဖြစ်လာဖို့ ရေပန်းစားနေပါတယ်။ အေစီမီလန်အသင်းအနေနဲ့ နည်းပြသစ်ရှာဖွေနေဆဲဖြစ်ပါတယ်။ မကြာမီမှာ နည်းပြသစ်ရဲ့အမည်ကို ကြေညာနိုင်ဖွယ်ရှိတယ်လို့ ဆိုပါတယ်။

ရီးရဲမက်ဒရစ်က အလုပ်ဖြုတ်လိုက်တဲ့ အသက် ၅၅ နှစ်အရွယ်ရှိ ဘင်နီတက်ဇ်ကတော့ အေစီမီလန်အလုပ်အမှုဆောင်အရာရှိ ကယ်လီယံနီနဲ့ တွေ့ဆုံရာမှာ အနားယူဖို့ လိုအပ်နေတယ်လို့ ဆိုပါတယ်။ အေစီမီလန်အသင်းအနေနဲ့ လက်ရှိနည်းပြကိုဖြုတ်ပြီး နည်းပြသစ်ရှာပုံတော်ဖွင့်ဖို့ အသေအချာဖြစ်နေပါတယ်။

## ဝက်ဖို့ဒ်ဂိုးသမားဖြစ်လာမယ့် လစ်သူယေးနီးယားကစားသမား

ဝက်ဖို့ဒ်အသင်းက လစ်သူယေးနီးယားဂိုးသမား အာလောက်စကစ်ကို အလွတ်ပြောင်းရွှေ့မှုနဲ့ ခေါ်ယူလိုက်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိ ဂိုးသမားအာလောက်စကစ်အနေနဲ့ ရိုမေးနီးယားကလပ် စတုအာဘူခါရက်အသင်းကို ၂၀၁၄-၂၀၁၅ ရာသီမှာ ပြည်တွင်းဖလားသုံးလုံး ဆွတ်ခူးပေးပြီးနောက် ဝက်ဖို့ဒ်အသင်းသို့ ရောက်ရှိလာမှာဖြစ်ပါတယ်။ သူဟာ အင်္ဂလန်နဲ့ ကစားခဲ့တဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ လစ်သူယေးနီးယားအသင်းမှ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ သူဟာ လာမယ့်ရာသီမှာ ပထမပွဲထွက်ဂိုးသမား ဂိုမက်ဇ်နဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အာလောက်စကစ်ဟာ ဝက်ဖို့ဒ်အသင်းက ဒီနှစ်ထဲမှာ ဒုတိယမြောက်ခေါ်ယူခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။ ဂိုးသမားအာလောက်စကစ်အနေနဲ့ ပြီးခဲ့တဲ့ ရာသီက စတုအာဘူခါရက်အသင်းနဲ့အတူ ချန်ပီယံလိဂ်မှာရော ယူရိုပါလိဂ်မှာပါ ခြေစွမ်းပြကစားခဲ့သူဖြစ်ပါတယ်။ လာမယ့် ပရီမီယာလိဂ်ရာသီမှာတော့ တန်းတက်ဝက်ဖို့ဒ်အသင်းနဲ့အတူ အာလောက်စကစ်ရဲ့ အစွမ်းကိုတွေ့ရမှာဖြစ်ပါတယ်။



## ဆန်းဒါးလန်းနည်းပြအဖြစ် ဆက်လက်ရှိနေမယ့် အက်ဒ်ဗိုကတ်



ဆန်းဒါးလန်းက နည်းပြအက်ဒ်ဗိုကတ်ကို စာချုပ်သစ်တစ်နှစ် ထပ်မံချုပ်ဆိုလိုက်ပြီလို့ ပြောဆိုလိုက်ပါတယ်။ အသက် ၆၇ နှစ်အရွယ်ရှိ အက်ဒ်ဗိုကတ်အနေနဲ့ ဆန်းဒါးလန်းအသင်းကို ပရီမီယာလိဂ်တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်အောင် အဓိကကြိုးစားပေးနိုင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်။ အက်ဒ်ဗိုကတ်ဟာ မတ်လအတွင်းက ဆန်းဒါးလန်းနည်းပြဖြစ်လာပြီး အလုပ်ဖြုတ်ခံလိုက်ရတဲ့ ပိုယက်စ်ရဲ့နေရာမှာ အစားထိုး တာဝန်ယူခဲ့တာဖြစ်ပါတယ်။ တန်းဆင်းဇုန် အထက်တစ်မှတ် အလိုမှာ အက်ဒ်ဗိုကတ်က ဆန်းဒါးလန်း နည်းပြတာဝန်ကို လွှဲပြောင်းရယူခဲ့တာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ရာသီအပြီးမှာ အက်ဒ်ဗိုကတ်ကို ဆန်းဒါးလန်းက စာချုပ်သစ်ကမ်းလှမ်းပြီး တစ်နှစ်ထပ်မံစာချုပ်ခဲ့တာဖြစ်ပါတယ်။

အက်ဒ်ဗိုကတ်ကို ပြန်လည်ခေါ်ယူဖို့ ကစားသမားတွေကလည်း ထောက်ခံအားပေးခဲ့တယ်လို့ တိုက်စစ်မှူး ဂျာမိန်းဒီဖိုးက ဆိုပါတယ်။ သူ့ရဲ့ ရိုးသားမှုအပေါ် ကျွန်တော်တို့ ကစားသမားတွေအားလုံးက ထောက်ခံအားပေးခဲ့တာဖြစ်ပါတယ်လို့ ဒီဖိုးက ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း



၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာနိုင်ငံစာတတ်မြောက်ရေး လှုပ်ရှားမှုတွင် ဦးစီးဦးဆောင် ပါဝင်ဆောင်ရွက်မှုအတွက် လည်းကောင်း၊မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံပညာရေး သုတေသနဗျူရိုဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ မြန်မာ နိုင်ငံပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီပညာ ရှင်အကြံပေးအဖွဲ့ နာယကအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အဆင့်ဆင့်တွင် အစဉ် တစိုက် ဦးဆောင်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေး လျက်ရှိသောမြန်မာနိုင်ငံ၏ပညာရေးခေါင်းဆောင် (Educational Leader) တစ်ဦးအဖြစ်လည်းကောင်း စွမ်းစွမ်းတမံဆောင်ရွက်မှု များကို အသိအမှတ်ပြုဂုဏ်ပြုသောအားဖြင့်

အမေရိကန်ပြည်ထောင်စု၊ ဟာဝိုင်ရီတက္ကသိုလ်၏ (၁၀၄)ကြိမ် မြောက် ဘွဲ့နှင်းသဘင်
အခမ်းအနားတွင်

**The Highest Award of Hawaii University**

ဖြစ်သော

**Doctor of Humane Letters**

***honoriscausa***

## အမြင့်ဆုံးဂုဏ်ထူးဆောင် လူထုအကျိုးပြုစာပေပါရဂူဘွဲ့

ကိုထိုက်တန်စွာချီးမြှင့်ခံရခြင်းအတွက်

## ဒေါက်တာဦးသန်းဦး

အား

အထူးပင် လှိုက်လှဲစွာဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းဂုဏ်ပြုအပ်ပါသည်။

ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

# ရေအိုးစင်-ကြက်ပေါင်(မေတ္တာပေါင်းကူး)တံတားဖွင့်



**ပုသိမ် ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၁၀ ရပ်ကွက် မေတ္တာပေါင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီခွဲက ရေအိုးစင်-ကြက်ပေါင်တံတားနေရာ၌ ကျင်းပသည်။

ရှေးဦးစွာတံတားကို စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိန်၊ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က တံတားကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

၎င်းတံတားသည် ပုသိမ်မြို့နယ် (၁၀) ရပ်ကွက် ရေအိုးစင်-ကြက်ပေါင်ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော လမ်းမပေါ်တွင် တည်ရှိပြီး တံတားအရှည် ၁၆၈ ပေ၊ အကျယ် ၁၃ ပေ၊ ရေကင်းလွတ်အမြင့် ၁၀ ပေ ၉ လက်မရှိပြီး ကုန်ကျငွေကျပ်သိန်း ၉၈၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ပြီး ပြည်သူမှ ငွေကျပ်သိန်း ၃၅၀ ကုန်ကျခဲ့ကြောင်းနှင့် တံတားကြီး ပြီးစီးသွားသည့်အတွက် ကြက်ပေါင်ကျေးရွာ၊ ရေမနေပင်ကိုင်ကျေးရွာ၊ ဥတုကျေးရွာ၊ မကျီးကုန်းကျေးရွာ၊ ပန်ပင်ဆိပ်ကျေးရွာ၊ ငွေးကုန်းကျေးရွာ၊ ဘုရားချောင်းကျေးရွာများမှ ပြည်သူများ ၎င်းတံတားကြီးကို အသုံးပြု၍ လူမှုရေး၊ စီးပွားရေးများပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်**

## ဓာတ်မြေဩဇာနှင့် မျိုးစေ့များဖြန့်ဝေ

**ကွမ်းလုံ ဇွန် ၆**

မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေး(ယင်းမာ) အထူးစီမံချက်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း)ကွမ်းလုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပုလဲသွယ်စပ်မျိုးစပါး၊ အစေ့ထုတ်ပြောင်းမျိုးစေ့၊ ဓာတ်မြေဩဇာများဖြန့်ဝေခြင်း တောင်သူပညာပေးအခမ်းအနားကို ဇွန် ၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကွမ်းလုံမြို့နယ် အတွင်းရှိကျေးရွာအုပ်စု ၁၃ အုပ်စုမှ တောင်သူများအား ပုလဲသွယ်စပ်မျိုးစပါးဧက ၁၀၀ စာ၊ အစေ့ထုတ်ပြောင်းမျိုးစေ့ဧက ၅၀ စာနှင့် ဓာတ်မြေဩဇာ ဧက ၂၀ စာတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

## နမ့်ခမ်းမြို့နယ်တွင် ထိန်းချုပ်ဓာတုဆေးဝါး ဆေးရည်များရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**နမ့်ခမ်း ဇွန် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အထူးစီမံချက်(ယင်းမာ)အရ ထိန်းချုပ်ဓာတုဆေးဝါး၊ ဆေးရည်များ ရောင်းချခြင်း ရှိ မရှိ ဇွန် ၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

နမ့်ခမ်းမြို့နယ် မြို့မဈေးရှိ ဆေးဆိုင် ၁၆ ဆိုင်အား ထိန်းချုပ်ဓာတုဆေးဝါး၊ ဆေးရည်များ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထိန်းချုပ်ဓာတုဆေးဝါး၊ ဆေးရည်များ ရောင်းချခြင်းမရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## နောင်ချိုမြို့၌ မိုးရွာသွန်းမှုနည်း၍ ပြောင်းစိုက်ပျိုးသူများ ရပ်ဆိုင်းထားရ

**နောင်ချို ဇွန် ၆**

နောင်ချိုမြို့နယ်တွင် တောင်သူကြီးများ ပြောင်းဖူးစိုက်ပျိုးရေးအတွက် ယခုအခါ မြေများပြုပြင်ထယ်ရေးငင်ခြင်း၊ မြေဩဇာထည့်ခြင်း၊ ပျိုးပေါင်ဆွဲခြင်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သော်လည်း မိုးရွာသွန်းခြင်းမရှိသောကြောင့် ပြောင်းဖူးစိုက်ပျိုးရေးကို ခေတ္တရပ်ဆိုင်းထားသည်။ တချို့တောင်သူများက ရေစီး၊ ရေလာကောင်းသည့် ရေမြောင်းထဲမှရေပိုက်များဖြင့် သွယ်ယူကာ စိုက်ပျိုးနေကြသည်။ နောင်ချိုမြို့နယ်အနေဖြင့် တောင်သူတို့က ပြောင်းဖူးကို အဓိက အားထားစိုက်ပျိုးကြပြီး ပြောင်းဖူးပေါ်ချိန်၌လည်း တရုတ်ပြည်သို့ အများဆုံးပို့ဆောင်ရောင်းချသည့် မြို့နယ်တစ်ခုဖြစ်သည်။

**စိုးဝင်း(နောင်ချို)**

**အခွန်သယ်ပိုး တို့ပြည်အကျိုး တည်ဆောက်ခေတ်မီ တို့မြန်ပြည်**



## ဇမ္ဗူသီရိမြို့နယ်တွင် ပုလဲသွယ်နွေစပါး စံကွက်ရိတ်သိမ်း

**နေပြည်တော် ဇွန် ၆**

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOAI )တို့ ပူးပေါင်းဖော်ဆောင်သည့် နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု အဆင့်မြင့်လယ်ယာမြေဧက ၂၄၅ ဧကတွင် တောင်သူဦးမျိုးဝင်း၏ နွေစပါးပုလဲသွယ် စိုက်ဧက နှစ်ဧက စံကွက်ရိတ်သိမ်းခြင်းကို ဇွန် ၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဃ/၃၀၈၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရှာသာကြီး)

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/ 4203၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရှာသာကြီး)



## အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ ၆-၄-၂၀၁၅ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၄)တွင် ပါရှိသော မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်အား ၂၇-၄-၂၀၁၅ ရက်အစား ၈-၆-၂၀၁၅ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး ၁၂-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီတွင် တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

၂။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၆၃-၂၅၁၈၇၊ ၀၆၃-၂၃၀၁၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအားဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

| စဉ် | တည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| ၁။ | ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး | ဆေးသိုလှောင်ရုံအသစ်ဆောက်လုပ်ခြင်း |
